EVERY FRIDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၀၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

www.myitkyinanewsjournal.com

http://www.facebook.com/myitkyinanewsjournal.mm

အတွဲ (၅)၊ အမှတ် (၁၁) "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" (မတ် ၂၃ - မတ် ၂၉၊ ၂၀၁၈)



## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှဒူးဇွပ် နယ်မြေခံတပ်ရင်းနှင့် တွေ့ဆုံ

စာ - ၅သို့ »

## အောင်လအင်ဆန် ONE CHAMPION ပွဲစဉ် ၆ ပွဲ ဆက်လက်ကစားမည်

နောက်ကျောသို့ »



## စစ်အင်အား မျှတမှုမရှိသောကြောင့် ကေအိုင်အေ တပ်ရင်း ၁၄ ပြောင်းရွှေ့ပေးလိုက်ရ

စာ - ၁၁ သို့ »



ရှေ့တန်းတစ်နေရာ ဓါတ်ပုံ - Hkun Lat

# ကေဘီစီခေါင်းဆောင်သစ် ရွေးချယ်ခန့်အပ်ပွဲကို မနောင်အကများနှင့် စည်ကားသိုက်မြိုက်စွာပြုလုပ်



စာ - ၂သို့ »

၃၈ ကြိမ်မြောက် KBC ခေါင်းဆောင်သစ်ရွေးချယ်ခန့်အပ်ပွဲတွင် မနောင်အကဖြင့် ပုံဖော်နေပုံ ဓါတ်ပုံ - မွန်မွန်ဝန်

## တပ်မတော်ယာဉ်တန်း လမ်းလုံခြုံရေးအဖွဲ့မှ ခေါ်ဆောင်သွားသော ပူတာအိုဒေသခံတစ်ဦး အမြန်ဆုံးလွှတ်ပေးရန် စာတင်



စာ - ၁၄ သို့ »

## ဖားကန့်တွင် ကျောက်မျက်ဥပဒေကြမ်းကို ကန့်ကွက်ဆန္ဒပြ

စာ - ၃ သို့ »



## မွေးမြူရေးလုပ်ငန်း ကျယ်ပြန့်လာဖို့ စားကျက်မြေက အဓိကကျပါတယ်



စာ - ၈ သို့ »

## ပထမဦးဆုံးအကြိမ်ကျင်းပမည့် ကျောက်မျက်ပြပွဲ မြန်မာကျပ်ငွေဖြင့်သာ ရောင်းချမည်

စာ - ၄ သို့ »

## ဒုက္ခသည်ဘဝမှ လူကုန်ကူးခံဘဝသို့

စာ - ၁၆/၁၇ သို့ »



# ကေဘီစီခေါင်းဆောင်သစ် ရွေးချယ်ခန့်အပ်ပွဲကို မနောင်အကများနှင့် စည်ကားသိုက်မြိုက်စွာပြုလုပ်မည်


၃၈ ကြိမ်မြောက် KBC သင်းလုံးကျွတ်ဓမ္မအစည်းအဝေးကျင်းပ







၃၈ ကြိမ်မြောက် KBC သင်းလုံးကျွတ်ဓမ္မအစည်းအဝေးပြုလုပ်

မတ် ၁၉

ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC) အသင်း၏ ၃၈ ကြိမ်မြောက် သင်းလုံးကျွတ်ဓမ္မအစည်းအဝေးပွဲတော်ကို ပြည်တွင်းပြည်ပမှ အသင်းသားယုံကြည်သူများနှင့် အတူ လေးရက်ကြာ ကျင်းပကာ ခေါင်းဆောင်သစ်များ ရွေးချယ်ခန့်အပ်သွားမည်ဖြစ်သည်။

အဆိုပါ သင်းလုံးကျွတ်ပွဲတော်ကို ဝိုင်းမော်မြို့နယ်၊ နန့်ဝါ၊ မုတ်ကျိတ်ကျေးရွာရှိ ဝိုင်းမော်ကျမ်းစာသင်ကျောင်းတွင် ယခုလ ၂၂ရက်မှ ၂၅ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး ယုံကြည်သူ ၅ သောင်းကျော်ခန့် တက်ရောက်မည်ဟု ခန့်မှန်းထားကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီမှဥက္ကဋ္ဌသိက္ခာတော်ရ ဆရာဦးခန်းဒူဘရန်ရှောင်ကပြောသည်။

“ဒီအစည်းအဝေးမှာ အသင်းသားတွေအားလုံး ရှေ့ဆက်လုပ်မယ့် သာသနာလုပ်ငန်းကို ဝိုင်းဆွေးနွေးကြမယ်၊ ဆုံးဖြတ်ကြမယ် အရင်ကလုပ်ခဲ့ကြတဲ့ လုပ်ငန်းအကြောင်းတွေကို တင်ပြကြမယ်။ ရှေ့ဆက်မယ့် လေးနှစ်သာသနာလုပ်ငန်းကိုတွေကို အားလုံးဆွေးနွေးကြမယ်”ဟု ဦးခန်းဒူဘရန်ရှောင်ကရှင်းပြသည်။

ထို့အပြင် လာမည့် လေးနှစ်တာကာလအတွင်း သာသနာလုပ်ငန်းများအား ဦးဆောင်မည့် ခေါင်းဆောင်များကိုလည်း နှစ်ခြင်းခံပြီးသူ အသင်းသားအယောက် တစ်ထောင်လျှင် တစ်ဦးကိုယ်စားပြု၍ ဆန္ဒမဲထည့်ကာ ရွေးခြယ်တင်မြောက်သွားမည်ဟုလည်းသိရသည်။

“ဟိုးအရင်တုန်းက နှစ်တိုင်းကျင်းပဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် အသင်းသားများလာတော့ နှစ်နှစ်တစ်ကြိမ်မှ သုံးနှစ်တစ်ကြိမ်၊ နောက်တော့ လေးနှစ်တစ်ကြိမ်ဖြစ်သွားရတာပါ။ အဲဒီလိုပွဲကျင်းပတဲ့အခါမှာဆိုရင်လည်း မနောင်အက ကတာကိုလည်း အမြဲလုပ်ခဲ့တယ်”ဟု သိက္ခာတော်ရဆရာ ဦးခန်းဒူဘရန်ရှောင်က ပြောသည်။

ထို့တွေ့ဆုံပွဲတွင် မနောင်အကကို ပညာရေးမြှင့်တင်ရေးမနောင်၊ ဆုံဆည်းခြင်းမနောင်၊ သာသနာထွန်းကားရေး မနောင် စသည့်ခေါင်းစဉ်မျိုးစုံဖြင့် ကခဲ့ကြရာ ယခုပွဲတော်၌ ကမည့်မနောင်အက၏ခေါင်းစဉ်မှာ နိမ်ဂျာရှရော်(Ningja Sharawt) မနောင်ကို ကသွားမည်ဖြစ်ကြောင်း သိက္ခာတော်ရဆရာ ဦးခန်းဒူဘရန်ရှောင်က ပြောသည်။

“ပွဲမှာ မနောင်အက ကပြရတဲ့ ရည်ရွယ်ချက်ကတော့ ကချင်လူမျိုးတွေကို ဘုရားသခင်က ထူးခြားတဲ့ယဉ်ကျေးမှုပေးထားတယ်။ အဲဒါကို အားလုံးချီးမွမ်းကြတာပေါ့။ ခွန်အားတစ်ခါ ပြန်ယူတာပေါ့။ လုံလဝီရိယစွမ်းအားကို တစ်ခါပြန်မြှင့်တင်ဖို့ ဘုရားသခင်ဆီမှာတောင်းတဲ့ မနောင်ပွဲလို့လည်း ပြောလို့ရတယ်”ဟု ဦးခန်းဒူဘရန်ရှောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

သင်းလုံးကျွတ် ဓမ္မအစည်းအဝေးတွင် မနောင်အက ကခြင်း၊ Installation Art (တပ်ဆင်မှုအနုပညာ)ပြသခြင်း၊ စစ်ရှောင်ဒုက္ခသည်များ၏ ပုံရိပ်နှင့် ဘိန်းခင်းတိုက်ဖျက်ရေး ပုံရိပ် ဓါတ်ပုံများပြသခြင်း၊ စင်တင်တေးဂီတဖျော်ဖြေမှုများအပြင် ဝတ်ပြုကိုးကွယ်ဆုတောင်းခြင်းများကိုလည်း ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီမှ ဒုတိယအတွင်းရေးမှူးသင်းအုပ်ဆရာ ဦးလဂမ်ဇခေါင်က ပြောသည်။

ထူးဖိတ်ကြားထားသည့် သာသနာနယ်၊ နိုင်ငံခြားမှဧည့်သည်များ၊ ဓမ္မအမှုတော်ဆောင်များ စုစုပေါင်း တစ်သောင်းကျော်ခန့်ကို ပွဲကျင်းပသည့် ကျမ်းစာကျောင်းဝင်းအတွင်း နေထိုင်ခွင့်နှင့် အစားအသောက်များ ကျွေးမွေးဧည့်ခံခြင်းများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများရှိ (KBC) ဖုံနယ် ၁၅ နယ်မှ ယုံကြည်သူအသင်းသားများ ပါဝင်တက်ရောက်ကြမည်ဖြစ်ပြီး ထိုပွဲတွင်(KBC) နှစ်ခြင်းဖုံနယ်အသစ်တစ်ခု ပြန်လည်အသိအမှတ်ပြု တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုပွဲတော်ကို ၂၀၁၄ ခုနှစ်က ဖားကန့်မြို့နယ် လုံးခင်း (KBC) ဘုရားကျောင်းဝန်းတွင် ပြုလုပ်ခဲ့ကြသည်။

မွန်းမွန်းပန်၊ဆန်လတ်

# ဖားကန့်တွင် ကျောက်မျက်ဥပဒေကြမ်းကို ကန့်ကွက်ဆန္ဒပြ




ဒေါက်တာ M ကောန်လ လူထုဆန္ဒပြပွဲတွင် ဟောပြောနေစဉ်

ဓါတ်ပုံ - စည်သူ(မြစ်ကြီးနား)

မတ် ၁၉

မြန်မာ့ကျောက်မျက်ရတနာ ကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် ဇန်နဝါရီလ ၂၃ ရက်နေ့က ပြည်သူ့လွှတ်တော် သယံဇာတကော်မတီမှ ၂၀၁၇ ကျောက်မျက်ရတနာဥပဒေစီစစ်မှုကြမ်းထွက်ရှိခဲ့ပြီးနောက် အချို့အချက်များမှာ လူတစ်စုအတွက်သာ ရည်ရွယ်သောကြောင့် ဆန္ဒထုတ်ဖော်ခြင်းတစ်ရပ်ကို ဖားကန့်မြို့နယ်တွင် မတ်လ ၁၉ ရက်နေ့က ပြည်သူလူထု ၂၀၀ ခန့်ဖြင့် ပြုလုပ်ခဲ့သည်။

ယင်းအချက်များမှာ "ပြည်သူလူထုနှင့် ဒေသခံတိုင်းရင်းသားတို့အတွက် အကျိုးဖြစ်ထွန်းရန် အားနည်းခြင်းကြောင့် လူတစ်စုမှသည် ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းလာရန်၊ နိုင်ငံတော်၏ အကျိုးစီးပွားဖော်ဆောင်မှုမရှိခြင်းကြောင့် ဖြစ်သည်ဟု" ဆန္ဒထုတ်ဖော်ပွဲဦးဆောင်သူ ကချင်အမျိုးသားကွန်ဂရက်ပါတီ ဥက္ကဋ္ဌ ဒေါက်တာ M ကောန်လက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့ တင်ပြတောင်းဆိုလာတာကြာပါပြီ။ ဒီအချက်တွေက ပြည်သူလူထုအတွက် ဘာအကျိုးမှမရှိဘူး။ ပြင်ကိုပြင်ရမယ့် ဥပဒေတွေပါ။ ဆက်လက်ပြီးလည်း တောင်းဆိုမှုတွေ ပြုလုပ်သွားဦးမှာပါ"ဟု ဒေါက်တာ M ကောန်လမှ ဆက်လက်ပြောသည်။

ဆန္ဒထုတ်ဖော်သွားမည့် အဓိကအချက်များမှာ အကြီးစားလုပ်ကွက်များထပ်မံတိုးချဲ့သတ်မှတ်ခြင်းကို ကန့်ကွက်ရန်၊ ဖားကန့်တွင် အသုံးပြုနေသည့် စက်ယန္တရားများကို ကန့်သတ်ခြင်းများ မပါဝင်သည့်အတွက် ကန့်သတ်ရန်၊ ရတနာမြေသတ်မှတ်ရာတွင် လွှတ်တော်များ၏ သဘောထား တင်ပြတောင်းခံခြင်းမပါဝင်ခြင်း၊ ကျောက်မျက်ထုတ်လုပ်ရေးလုပ်ကိုင်ခွင့်တွင် အကြီးစားအတွက် အဆိုပြုလွှာစည်းကမ်းမဖော်ပြခြင်းအပြင် အလတ်စား၊အသေးစား၊လက်လုပ်လက်စားလုပ်ကွက်များအတွက် တိုက်ဆိုင်လျှောက်လွှာများအတွက် ရွေးချယ်မှုစည်းကမ်းအတိအကျ မဖော်ပြထားခြင်း၊ ၂၀၁၇ ကျောက်မျက်ရတနာဥပဒေနှင့် နည်းဥပဒေလျင်မြန်စွာပြဋ္ဌာန်းနိုင်ရေးတို့အတွက်ဖြစ်ကြောင်းလည်း သိရသည်။

ဆန္ဒထုတ်ဖော်ရာတွင် "အကြီးစားလုပ်ကွက် အလိုမရှိ၊ ကျောက်မျက်ဥပဒေအသစ်အမြန်ပြဋ္ဌာန်းရေး-ဗိုအရေး၊ စက်ယန္တရားကန့်သတ်ပေးရေးအမြန်လုပ်ပေးရေး- ဗိုအရေး၊ ၂၄ နာရီ စက်ယန္တရားအသုံးပြုတူးဖော်မှုချက်ချင်းပေးရေး- ဗိုအရေး၊ ကျောက်မျက်ထုတ်လုပ်ရေးချမှု နိုင်ငံသားတိုင်းရင်းသားလက်ထဲရရှိရေး-ဗိုအရေး၊ နိုင်ငံသားတိုင်းရင်းသားများ ကျောက်မျက်ထုတ်လုပ်ရေး ကဏ္ဍတန်းတူအခွင့်အရေးရရှိရေး-ဗိုအရေး၊ သက်တမ်းကုန်လုပ်ကွက်များ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးအတွက် အမြန်ဆောင်ရွက်ပေးရေး-ဗိုအရေး၊ ဒေသခံရေမဆေးလုပ်သားများအန္တရာယ်ကင်းရှင်းရေး-ဗိုအရေး" ဟူ၍ ဖားကန့်မြို့ပတ်ကာ အော်ဟစ်ကြွေးကြော်ခဲ့ကြသည်။

အထက်ပါဆန္ဒထုတ်ဖော်ပွဲကို ကချင်ပါတီအနေဖြင့် ဦးဆောင်ကာ ဖေဖော်ဝါရီလ ၂၈ နေ့တွင်လည်း မြစ်ကြီးနားမြို့တွင် ပြုလုပ်ခဲ့ကြသည်။

စည်သူ(မြစ်ကြီးနား)






**မြစ်ကြီးနားသတင်းဂျာနယ်**

**အမှုဆောင်အာရုံခံချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဖြိုးပြည့်စုံ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စေတာ၊ ဆိုင်းထွယ်ဇင်၊ ဆိုင်းလတ်အောင်၊ ဆန်လတ်၊ ကျော်ကျော်ဦး(စစ)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊ အောင်ခမ်း(ပူတာအို)

**ဓာတ်ပုံ**
ဇော်နိုင်ဦး

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂျပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
N-Hkai La Tawng၊ Shadau San Awng (L.B.Y)

**မြစ်ကြီးနားရုံးတာဝန်ခံ**
နီနီထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်နူးဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာဇင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုံ

**တန်ဖိုး**
၅၀၀ ကျပ်

**ဇလင်**
KING


**ထုတ်ဝေသူ**
ခေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၀)

**ဆက်သွယ်ရန်**
အမှတ်(၀၆၄)၊ အင်ဂျန်ဗုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၄၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
myitkyinajournal@gmail.com
myitkyinanewsjournal@facebook.com

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးတောင်းခံလျှင်သော်လည်းကောင်း၊ ထိန်းသိမ်းဆောင်ရွက်သည်ဟုသော်လည်းကောင်း လက်ခံရရှိပါက ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရပ်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ပထမဦးဆုံးအကြိမ်ကျင်းပမည့် ကျောက်မျက်ပြပွဲ မြန်မာကျပ်ငွေဖြင့်သာ ရောင်းချမည်




မတ် ၂၀

မြစ်ကြီးနားမြို့တွင် ပထမဦးဆုံးအကြိမ် စတင်ကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင်စီဒီအဆင့်ကျောက်စိမ်းဖြတ်သားများကို မြန်မာကျပ်ငွေဖြင့် ရောင်းချသွားမည်ဖြစ်ပြီး နိုင်ငံခြားသားလုပ်ငန်းရှင်များအနေဖြင့် လေ့လာကြည့်ရှုခွင့်သာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင်ကျောက်မျက်အတွဲပေါင်း သုံးထောင်နီးပါးပြသရန် ရောက်ရှိနေပြီဖြစ်ပြီး မတ်လ ၂၆ ရက်နေ့မှ ၃၀ ရက်နေ့အထိ ငါးရက်တိုင် ပြသရောင်းချသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"သူတို့နည်း သူတို့ဟန်နဲ့တော့ လာတက်ရောက်ခွင့်ရှိတယ်။ နိုင်ငံခြားသားတွေတော့ ဝယ်သွားလို့မရဘူး။ အချောထည်တွေကျတော့ ဒေါ်လာကိုင်ဆောင်ခွင့်နဲ့ ရောင်းလို့ရတယ်"ဟု ပြည်နယ်ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးဇေလွမ်းမှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ကျောက်မျက်အတွဲများကို ပြည်တွင်းလုပ်ငန်းရှင်များကသာ ဝယ်ယူနိုင်မည်ဖြစ်ပြီး အာမခံ စပေါ်ငွေ ကျပ်သိန်း ၂၀ ပေးသွင်းလျှင် ကျောက်မျက်အတွဲတန်ဖိုး ကျပ်သိန်း ၄၀၀ နှင့် ကျပ်သိန်း ၅၀ စပေါ်ငွေပေးသွင်းပါက ကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ ကျောက်မျက်အတွဲများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ နိုင်ငံမှာ ဈေးကွက်ဖြစ်အောင်လုပ်ရမယ်။ အရိုင်းဖြတ်သားတွေ တရုတ်ပြည်ကိုသွားနေတာလုံးဝပပျောက်ရမယ်။ ဒါမှ နိုင်ငံအတွက် အခွန်အခတွေ ရမယ်။ လုပ်ငန်းရှင်တွေလည်း အများကြီးပေါ်ပေါက်လာမယ်။ လူငယ်တွေ အလုပ်များများရလာမယ်။ တရားမဝင်သွားနေတာတွေလျော့ကျအောင်လို့ ဒီလို ကျောက်မျက်ပြပွဲတွေကိုလည်း မကြာခဏလုပ်သင့်တယ်"ဟုလည်း ဦးဇေလွမ်းက ဆက်လက်ပြောသည်။

ကျောက်မျက်ပြပွဲသို့ သတ်မှတ်ချက်နှင့်အညီ တက်ရောက်ခွင့်ပြုမည့် သူများမှာ ကျောက်မျက်ရတနာပြပွဲသို့ ခွင့်ပြုမိန့်ရယူပြီး တူးဖော်ထုတ်ယူနေသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ဆောင်နေသည့် နိုင်ငံသားလုပ်ငန်းရှင်များ၊ ကျောက်မျက်ရတနာကုမ္ပဏီ မှတ်ပုံတင်ရရှိပြီးသူများနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်အသင်းဝင်နိုင်ငံသားများ ဖြစ်ကြောင်းလည်း သိရသည်။

အာမခံစပေါ်ငွေပေးသွင်းလိုသူများအနေဖြင့် မြစ်ကြီးနား AGD ဘဏ်၏ ဘဏ်စရင်းအမှတ် ၃၀၈၀၀၀၁၀၀၀၂၀၀၆၀၀၁၈ နှင့်မြစ်ကြီးနားဧရာဝတီဘဏ်၏ ဘဏ်စာရင်းအမှတ် ၀၀၃၀၂၀၂၀၀၀၂၃၄၉၀၇ တို့တွင် ကြိုတင်ထည့်သွင်းနိုင်ကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)


ပထမအကြိမ်ကျင်းပမည့် ကျောက်မျက်ပြပွဲ ပြင်ဆင်နေပုံ

ဓါတ်ပုံ - စည်သူ(မြစ်ကြီးနား)

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှဒူးဇုပ် နယ်မြေခံတပ်ရင်းနှင့် တွေ့ဆုံ



ဓါတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး (Facebook)

မတ် ၁၉

တနိုင်းမြို့နယ် ရှဒူးဇုပ်ကျေးရွာရှိ နယ်မြေခံတပ်ရင်းဌာနချုပ်မှ စစ်သည်ရဲမေများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မတ်လ ၁၈ ရက်နေ့တွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ ၃၀ ရက်က ကေအိုင်အေတပ်ဖွဲ့မှ အယောက် ၇၀ ခန့်က အဆိုပါ တပ်ရင်းဌာနချုပ်အား နေရာ ၃ နေရာမှ ၃ ကြိမ်လက်နက်ကြီး လက်နက်ငယ်များနှင့် ပစ်ခတ်ခဲ့ပြီး ဇန်နဝါရီလ ၂၂ ရက်တွင်လည်း လက်နက်ကြီးလက်နက်ငယ်များဖြင့် အကြိမ်ကြိမ်လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရင်းတပ်ဌာနချုပ်ရှိ စစ်သည်ရဲမေများက ရှုပ်ရှုပ်ချွံချွံပြန်လည်တိုက်ခိုက်ခဲ့ခြင်းကြောင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်ဟု တပ်မတော်ကာကွယ် ရေးဦးစီးချုပ်ရုံးမှ ထုတ်ပြန်ကြေညာခဲ့သည်။

အသက်အိုးအိမ်စည်းစိမ်များကို ထိပါးလာလျှင် ကာကွယ်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားများကို တိုက်ခိုက်နေခြင်း၊ ဘာသာရေးကို တိုက်ခိုက်နေခြင်း မဟုတ်ပဲ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်နေခြင်းသာဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အရာရှိစစ်သည်မိသားစုများအား တွေ့ဆုံစဉ် အမှာစကားပြောကြားရာတွင် ပြောကြားခဲ့သည်။

ရင်းတိုက်ခိုက်မှုကြောင့် တပ်မတော်ဘက်မှ စစ်သည် ၂ ဦးနိုင်ငံတော်အတွက် အသက်စွန့်လွှတ်ခဲ့ရကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်ကြေညာထားသည်။

တနိုင်းမြို့နယ် ရှဒူးဇုပ်ကျေးရွာရှိ နယ်မြေခံတပ်ရင်းဌာနချုပ်သို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်လာရောက်သည့်အပေါ် စစ်မက်ပိုမိုဖြစ်ပွားလာမည်ကို ဒေသခံများ စိုးရိမ်နေကြသည်ဟု သိရသည်။

"ကျွန်တော်တို့ဒေသခံတွေ သုံးသပ်တာက ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရှေ့တန်းတပ်ရင်းအထိ လာတယ်ဆိုတာက ဖျူဟာလိုတစ်ခုခုပေါ့ အဆင့်မြင့်တဲ့တပ်စခန်းတစ်ခုကို လုပ်နိုင်တယ်လို့သုံးသပ်ကြတာ တပ်စခန်းကိုတိုးချဲ့ပြီး အဆင့်မြင့်လုပ်လာရင်တော့ တိုက်ပွဲတွေက ပိုဖြစ်လာနိုင်မယ်လို့ မြင်တယ်ပေါ့"ဟု ရှဒူးဇုပ်ဒေသခံရွာသားများက မြစ်ကြီးနားသတင်းဂျာနယ် သို့ ပြောသည်။

ထိုတွေ့ဆုံပွဲကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် နယ်မြေခံတပ်မှအရာရှိ၊ စစ်သည်မိသားစုများတက်ရောက်ခဲ့ကြသည်။

လဖိုင်လု

## ခေါင်ဖူးရွာသစ်လမ်း သိန်းသုံးရာကျော် ကုန်ကျခံပြီး စင်ကြိုင်ကုမ္ပဏီက လှူဒါန်း

မြစ်ကြီးနားမြို့နယ်၊ ခေါင်မူးရွာသစ်(၁)(၂)အတွင်းကို သွားမယ်ဆိုလို့ရှိရင် အရင်ကလို ရွာတွင်းမှာ ဖုန်တလူလူနဲ့ မသွားရတော့ပါဘူး။ ဘာလို့လဲဆိုတော့ မြေသားလမ်းတွေဖို့ပြီး သဲကျောက်ချော လမ်းတွေကို ခင်းထားပြီးပြီဖို့လိုပါ။ ရေမဝင်အောင်လို့ ဘေးဘယ်ညာမှာ ရေနုတ်မြောင်းတွေပါ တူးထားပေးတာကို တွေ့ရမှာပါ။ ပေပေါင်း ၆၅၃၀ ကို ထုဖြက် တစ်ပေမြင့်ခင်းထားပေးပြီးတော့ ကျပ်သိန်း ၃၀၀ ကျော်အကုန်ခံပြီး အလှူပေးတာတော့ စင်ကြိုင်ကုမ္ပဏီကပါ။ နောက်ပြီးစက်ယန္တယားတွေကိုလည်း ဆန်မြတ်စော၊ ကုမ္ပဏီက ကူညီပေးထားပါသေးတယ်။ ဒီလို ပရဟိတစိတ်ဓာတ်မှန်ပြီး အများအကျိုးကို လုပ်ဆောင်ပေးနိုင်ခဲ့လို့ ကျေးရွာမှာဗိုးတွင်းဆို စိတ်ချရပါပြီ။ ရေနုတ်မြောင်းတွေက အစတူးပေးလို့ ကျန်းမာရေးအတွက်လည်း စိတ်ချရပြီပေါ့လို့ ဒေသခံကိုဂင်ဟိန်းကပြောပြခဲ့ပါတယ်။ ဒီရွာကို သွားမယ်ဆိုရင်တော့ အရင်မိုးတွင်းကလို ရွှံ့ဗွက်ရေအိုင်တွေကသွားရမယ့် အခြေအနေကနေကင်းဝေးသွားပါပြီ။

စည်သူ(မြစ်ကြီးနား)

## Editorial

### အယ်ဒီတာ့အာဘော်

### ဝိသမလောဘသားတို့ ပေးတဲ့အမွေ

အရင်က ဘယ်ရာသီမှာမဆို သမမျှတတဲ့ အအေးဓာတ်လေးနဲ့ နေပျော်ခဲ့တဲ့ မြန်မာပြည်မြောက်ပိုင်းက ကချင်ပြည်နယ်ဟာ ၂၀ ရာစုနှစ်တွေမှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတွေနဲ့ တစ်စတစ်စကြုံခဲ့ရပါတယ်။

မိုးဥတုမှာ မိုးအဝင်နောက်ကျတာတွေ မိုးရွာသွန်းမှုနည်းပါးတာတွေ အချိန်အခါမဟုတ် မိုးသီးကြွေတာတွေဖြစ်ပေါ်လာခြင်းနဲ့ နှစ်လလောက် အဝင်နောက်ကျတတ်တဲ့ ဆောင်းဥတုရဲ့ပေါ့ပျက်ပျက်အအေးဓာတ်တို့က ကချင်ပြည်နယ်ရဲ့ သရုပ်အမှန်ကို ပျောက်ကွယ်စေခဲ့တာ ကာလအတန်ကြာခဲ့ပါပြီ။

နွေရာသီရောက်တိုင်း ကချင်ပြည်နယ်သားတွေ နှစ်စဉ်ရင်ဆိုင်ရတဲ့ အဆိုးဆုံးပြဿနာက ခရမ်းလွန်ရောင်ခြည် လွန်ကဲမှုပါ။ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မယ်လို့ မိုးလေဝသပညာရှင်တွေခန့်မှန်းတဲ့အထဲမှာ ကချင်ပြည်နယ်က ထိပ်ဆုံးကပါဝင်လာတတ်ပါတယ်။ ဒီနှစ်နွေမှာလည်း အရင်နှစ်တွေတုန်းကလိုပဲ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းက မြင့်တက်လာဦးမယ်လို့ ဆိုပါတယ်။

သစ်လုပ်ငန်းတွေ ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းတွေနဲ့ တောင်ယာလုပ်ငန်တွေကြောင့် ပြုန်းတီးခဲ့ရတဲ့ သဘာဝပတ်ဝန်းကျင်တွေနေရာမှာ မူမမှန်တော့တဲ့ရာသီဥတုတွေ ရောက်ရှိလာခဲ့တာပါ။ ဒါဟာ အများအကျိုးကိုမကြည့်ဘဲ ကိုယ်ကျိုးတစ်ခုတည်းကို ကြည့်ပြီးစီးပွားရှာတဲ့ ဝိသမလောဘသမားတွေပေးထားတဲ့ ဆိုးမွေတွေပဲ ဖြစ်ပါတယ်။

ဒီလိုမျိုး ရာသီဥတုတွေဖောက်ပြန်ရခြင်းရဲ့ အဓိကအကြောင်းအရင်းက ခေတ်နဲ့အညီ တိုးတက်များပြားလာတဲ့ စက်ပစ္စည်းတွေက ထုတ်လွှတ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ကြောင့်လို့ ဆိုကြပေမယ့် နောက်ပိုင်းထွက်ပေါ်လာတဲ့ သုတေသနအစီရင်ခံစာတွေကတော့ ခုတ်လှဲခံရတဲ့ သစ်ပင်ကထွက်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ကြောင့်လို့ဆိုတယ်။

စက်အင်ဂျင်တွေကထုတ်တဲ့ ကာဗွန်ပမာဏက ခုတ်လှဲခံထားရတဲ့သစ်ပင်ကထွက်တဲ့ ကာဗွန်လောက် မများဘူးလို့ သုတေသနအစီရင်ခံစာတွေက ဆိုပါတယ်။ တောတောင်မြစ်ချောင်းများ ယုတ်လျော့လာခြင်း သဘာဝပတ်ဝန်းကျင်ပျက်စီးလာခြင်းတို့ရဲ့ နောက်ဆက်တွဲဆိုးကျိုးကို ဘယ်သူမှရှောင်လွှဲလို့ မရနိုင်ခဲ့ကြပါဘူး။

မည်သူ့ကြောင့်ကမ္ဘာကြီးပူနွေးလာသည်ဖြစ်စေ ဆုံးရှုံးသွားခဲ့ရတဲ့ သဘာဝဝန်းကျင်တွေနဲ့ သယံဇာတတွေက ပြန်ရလာမှာမဟုတ်လို့ ဆက်မပြောလိုပါ။ လောလောဆယ် မိမိတို့နှင့် တိုက်ရိုက်သက်ဆိုင်နေတာက တစ်နှစ်ထက်တစ်နှစ် ပိုပိုလွန်ကဲလာတဲ့ ခရမ်းလွန်ရောင်ခြည်ပြဿနာသာဖြစ်လို့ နွေရာသီမှာ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းများရဲ့ အပူဒဏ်ကို ဘယ်လိုကာကွယ်နေထိုင်ကြမလဲဆိုတာ ကြိုတင်လေ့လာပြင်ဆင်ထားဖို့ ပြောလိုရင်းဖြစ်ပါတယ်။

ခရမ်းလွန်ရောင်ခြည်ဆိုတာ လူသားအားလုံးကို အရွယ်မရွေး ဒုက္ခပေးနိုင်တာမို့ အိမ်ထဲကအိမ်ပြင်ကို ဘယ်လိုအချိန်တွေမှာထွက်သင့်တယ်။ မလွှဲသာမရှောင်သာ အိမ်ပြင်ထွက်ရင် ဘယ်လို ဝတ်စားဆင်ယင်ရမယ်။ ဘယ်လို Lotion မျိုးတွေလူးပြီးထွက်ရမယ်ဆိုတာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေကို အင်တာနက် လူမှုကွန်ရက်တနေဖြစ်ဖြစ် စာစောင်တွေကနေဖြစ်ဖြစ် လေ့လာပြီး လိုက်နာနေထိုင်ခြင်းအားဖြင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကိုကြိုတင်ကာကွယ်နိုင်ပါလိမ့်မယ်ဆိုတာ ရေးသားလိုက်ရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

# ဖားကန့်ဒေသအတွင်း အစိုးရမီတာဈေးနှုန်းဖြင့် လျှပ်စစ်မီးရရှိတော့မည်

မတ် ၁၉

ဖားကန့်ဒေသအတွင်း လျှပ်စစ်မီးရရှိနိုင်ရန် နိုင်ငံတော်အစိုးရမှ ပင်မလျှပ်စစ်ဓာတ်အားလိုင်း (Electric Power Corporation)မှ ပြေးဆွဲမှုများပြုလုပ်နေပြီး လာမည့်ဧပြီလတွင် လျှပ်စစ်မီးစတင်ရရှိတော့မည်ဖြစ်ကြောင်း ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

လက်ရှိအချိန်တွင် ပင်မဓာတ်အားပေးစက်ရုံများနှင့် ဓာတ်တိုင်များကို ဖားကန့်မြို့နှင့် လုံးခင်း၊ဆိုင်းတောင် ကျေးရွာများတွင် စိုက်ထူထားပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် လျှပ်စစ်မီးရရှိနိုင်ရန် ခန့်မှန်းထားသော်လည်း နိုင်ငံရေးအခြေအနေများကြောင့် ယခုကဲ့သို့ ကြန့်ကြာခဲ့ရခြင်းဖြစ်ကြောင်းလည်း သိရသည်။

"ဧပြီလပိုင်းလောက်တော့ ရတော့မှာပါ။ ဒီမှာလည်း နိုင်ငံတော်ကနေ တိုင်တွေလည်း လုပ်နေပါပြီ။ ဖားကန့်မြို့နယ်နဲ့အနီးတဝိုက် ရတော့မှာပါ" ဟု ဦးကျော်စွာအောင်က ပြောသည်။

အထက်ပါစီမံကိန်းသည် လွန်ခဲ့သည့် ၂ နှစ်ခန့်ကတည်းက ပြီးစီးထားသော်လည်း လျှပ်စစ်ဓာတ်အားလိုင်းဆွဲမည့် ၆၆ ကီလိုမီတာ ပို့အားလိုင်းမှာ တောတောင်များကျော်ဖြတ်ကာ ဆွဲရသည်ဖြစ်သောကြောင့် ယခုကဲ့သို့ ကြန့်ကြာခဲ့ရခြင်းဖြစ်ကြောင်းလည်း သိရသည်။

"တောတွေတောင်တွေ ကြားဖြတ်ပြီးသွားရတဲ့အခါကျတော့ ဓာတ်တိုင်တွေဘာတွေက ဆင်နဲ့လည်း ဆွဲရတယ်။ လူတွေနဲ့လည်း လုပ်ရတဲ့အခါကျတော့ စက်ယန္တယားတွေနဲ့လည်း လုပ်တာနည်းတဲ့အခါကျတော့ကြာသွားတာပေါ့။ အခုတော့ရတော့မှာပါ"ဟု ဦးတင့်စိုးက ပြောသည်။

ဖားကန့်မြို့နယ်တွင် ပုဂ္ဂလိကလျှပ်စစ်မီးဖြန့်ဖြူးသည့် ကုမ္ပဏီ ၃ ခုရှိပြီး မီတာတစ်ယူနစ်လျှင် ၈၀၀ ကျပ်မှ ၉၀၀ ကျပ်အထိပေးဆောင်နေရပြီး ညစဉ် ညနေ ၆ နာရီမှ ည၁၂ အထိ ဖြန့်ဖြူးလျှက်ရှိကြောင်းလည်း သိရသည်။

"မီတာက တစ်ယူနစ် ၈၀၀ ဆိုတော့ နည်းတဲ့ငွေမဟုတ်ဘူး။ နည်းနည်းလေးသုံးရင်တောင် မီတာခက အများကြီးကျတယ်။ ဒီမှာလျှပ်စစ်မီးက အမြန်ရမှုကိုဖြစ်မှာ။ တစ်လတစ်လ ဆောင်ရတဲ့မီတာခက မလွယ်ဘူး"ဟု ဆိုင်းတောင်ကျေးရွာနေ ဒေသခံကိုရဲမင်းထွန်းမှ ပြောသည်။

ဖားကန့်ဒေသတွင် လက်ရှိဖြန့်ဖြူးနေသော ကုမ္ပဏီဖြစ်သည့် ဆိုင်းမိုင်၊ရှယ်ဖန်မလီနှင့် လဂရောင်းတို့ဖြစ်ပြီး အထက်ပါလျှပ်မီးရရှိပါက အစိုးရမှ သတ်မှတ်ထားသည့် မီတာခဖြင့်သာ သတ်မှတ်ကောက်ခံသွားမည်ဖြစ်ကြောင်းလည်း ဦးကျော်စွာအောင်မှ ပြောသည်။

စည်သူ(မြစ်ကြီးနား)

# စည်ပင်သာယာဈေးနှင့် ရေစင်ကွင်းဈေး လျှပ်စစ်မီးရရှိပြီ

မတ် ၂၀

မြစ်ကြီးနားမြို့၊ စည်ပင်သာယာဈေးနှင့် ရေစင်ကွင်းဈေးရှိ အရောင်းဆိုင်ခန်းများတွင် မတ်လပထမပတ်က စတင်ပြီး လျှပ်စစ်မီးစတင်သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

အထက်ပါ လျှပ်စစ်မီးကို မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့်ပူးပေါင်းကာ ဘူဂါးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးမှ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်မီးအန္တရာယ်မဖြစ်ပွားရေးအတွက်လည်း ကြိုတင်သတိပေးခြင်းများကိုလည်း လုပ်ဆောင်လျှက်ရှိကြောင်းလည်း သိရသည်။

"မီးသုံးစွဲဖို့စည်းကမ်းသတ်မှတ်ချက်လေးတွေထားရှိတဲ့ အနေအထားမျိုးမှာ တစ်ဘက်က အကျိုးရှိသလို တစ်ဘက်က စည်းမဲ့ကမ်းမဲ့ မသုံးဖို့တော့လိုတယ်လေ။ ဒါမှလည်း မီးဘေးအန္တရာယ်နေကင်းဝေးမှာလေ"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမိထွယ်ဇော်လတ်က ပြောသည်။

လျှပ်စစ်မီးလျှောက်ထားသူများက ကြိုးသွယ်တန်းခကျပ် ၁၂၀၀၀ နှင့် မီတာဘောက်ခ ကျပ် ၁၂၀၀၀ နှင့် ဆိုင်းတွင်း ဝါယာရိုက်များကို ကျသင့်မည်ဖြစ်ပြီး ဆိုင်ခန်းတစ်ခန်းလျှင် စီစီတီဗွီ၊ ငွေရေတွက်စက်၊မီးချောင်း၊ပန်ကာစသည်တို့ကိုသာ အသုံးပြုပေးထားပြီး ပို့အား ၄၄၀ ဝပ် ထက်ကျော်လွန်သုံးစွဲခွင့် မပြုထားကြောင်း သိရသည်။

"ကြိုးသွယ်တန်းခက တစ်သိန်းနှစ်သောင်းကျမယ်။ ကျန်တဲ့မီတာဘောက်တပ်တာတွေ၊ အခန်းထဲမှ မီးဆင်တာတွေ အကုန်လုံးက ဆိုင်ရှင်က ကုန်ကျခံမယ်။ ကျသင့်တဲ့ မီတာခ ဆောင်ရမယ်။ ပို့အားအများကြီး အသုံးပြုခွင့်မပေးထားဘူး။ ၄၄၀ ဝပ်ကျော်ရင် ဖောက်တို ဖြတ်ချသွားလိမ့်မယ်" ဟုလည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဦးဖြိုးဝေဆန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ဖြေကြားထားသည်။



ဓါတ်ပုံ - စည်သူ(မြစ်ကြီးနား)

အထက်ပါစီမံချက်ကို ၂၀၀၆ စက်တင်ဘာလတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဈေး ၃ ဈေးမှ ဆိုင်ခန်းပေါင်း ၁၈၀၀ ကျော်တွင် အခန်းပေါင်း ၁၀၀၀ ခန့် လျှောက်ထားရယူပြီးဖြစ်ကာ နေ့စဉ် ဈေးဖွင့်ချိန်မှ ဈေးပိတ်ချိန်ထိသာ အသုံးပြုနိုင်သည်ဖြစ်ကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# ပူတာအို ကားလမ်းတွင် ဆီနှင့်ဆန်တင်ပို့ခွင့် ပိတ်ပင်ထား

မတ် ၂၀

မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုကားလမ်း ပြန်လည်သွားလာနိုင်ပြီ ဖြစ်သော်လည်း ဆီနှင့်ဆန်တင်ပို့ခွင့်ကို စစ်တပ်က ပိတ်ပင်ထားသောကြောင့် ပူတာအိုမြို့နယ်အတွင်း ကုန်ဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိကြောင်း သိရသည်။

"ဆီတစ်ဂါလံ ကိုးထောင်ပဲရှိသေးတယ် ဘာမှမကျသေးဘူး။ အခု ဆီက တပ်မတော်ကနေ ပိတ်ထားလို့ ဆီမတင်ခိုင်းလို့ မကျဘူးဖြစ်နေတယ် ဆီနဲ့ဆန်ကိုမတင်ခိုင်းတာ"ဟု ပူတာအိုဒေသခံ ကိုအောင်ခမ်းကပြောသည်။

ထို့အပြင် မတ်လ ၁၉ ရက်နေ့က မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုသွားလမ်းပေါ်ရှိ မြစ်ဆုံဂိတ်တွင် ကားများသွားလာခွင့်ကို ပိတ်ပင်ထားမှုများရှိခဲ့သည်ဟု ဆွမ်ပရာဘွမ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဂျေထုရော်ကပြောသည်။

"ကား ၁၇ စီးလောက်ပေါ့ ဒီမြစ်ဆုံဂိတ်မှာ ပိတ်မိတယ် တချို့က တစ်ပတ် ခြောက်ရက်လောက်ကြာပြီ တချို့က နှစ်ရက်သုံးရက်လောက် ပိတ်မိနေတယ် ကျွန်မက မနေ့က မနက် ၈ နာရီကျော်ကနေပိတ်မိတာ ညနေ ၃ နာရီမှပြန်သွားခွင့်ပေးတယ်"ဟု ဒေါ်ဂျေထုရော်က ရှင်းပြပြောဆိုသည်။

ယခုကဲ့သို့ သွားလာခွင့်ပိတ်ထားခြင်းမှာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ခွင့်မပြုသည့်အတွက်ဖြစ်သည်ဟု ဒေါ်ဂျေထုရော်က ယင်းဂိတ်မှ ပြောပြချက်ကို တစ်ဆင့်ပြန်လည်ပြောပြသည်။

"အခုကတော့ ပုံမှန်အတိုင်းတော့ ဖြစ်လာတော့မှာပါ။ ခုတန်ယန်တော့ကျော်လာပြီ တန်ယန်ဂိတ်ကတော့ အေးအေးဆေးဆေးပဲ၊ ပုံမှန်ပြန်သွားလို့ရရင် ကုန်ဈေးနှုန်းတွေ အရင်လို ပြန်ဖြစ်တော့မှာပါ" ဟု ဒေါ်ဂျေထုရော်က ထပ်မံပြောဆိုသည်။

ပူတာအိုတွင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်၍ ဖေဖော်ဝါရီ ၁ ရက်နေ့မှစတင်ကာ ကုန်ဈေးနှုန်းများ အဆမတန် မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ပူတာအို လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ရခြင်းမှာ မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအို သွားရာကားလမ်းမှ တံတားနှစ်စင်းအား ကေအိုင်အေအဖွဲ့မှ ဖျက်ဆီးခဲ့ခြင်းကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများကို မတ်လ ၅ ရက်နေ့က ဆောက်လုပ်ရေးအဖွဲ့နှင့် လမ်းပြုပြင်ရေး ကုမ္ပဏီများက ပြန်လည်ပြုပြင်ခဲ့ကြောင်း သိရသည်။

မြစ်ကြီးနား - ဆွမ်ပရာဘွမ် -ပူတာအိုလမ်းရှိ ဇနန်သံဘောင်ဘေလီတံတားနှင့်စီနင်ခချောင်းကူးတံတား နှစ်စင်းအား ကေအိုင်အေအဖွဲ့က ဇန်နဝါရီ ၂၈ ရက်နေ့တွင် တပ်မတော်ဘက်မှ စစ်ရေးထောက်ပံ့မှုနှင့် စစ်အင်အား ဖြည့်တင်းမှုများ ထပ်မံမပြုလုပ်နိုင်ရန်အတွက် ဖျက်ဆီးခဲ့ကြောင်း ကေအိုင်အေအဖွဲ့မှ ပြောကြားခဲ့သည်။

Salai

# တရုတ်ငှက်ပျောကုမ္ပဏီကို ငှားရမ်းရန်အတွက် ခုတ်ထွင်ရှင်းလင်းလိုက်သော နှစ်ရှည်ပင်များကို ကာလပေါက်ဈေးအတိုင်း နစ်နာကြေးပေးရန် တောင်သူများတောင်းဆို

မတ် ၁၈

ခန်ယာန်ကျေးရွာရှိတောင်များပေါ်တွင် တောင်သူများ စိုက်ပျိုးထားသော နှစ်ရှည်ပင်များနှင့်ဝါးရုံပင်များကို ဦးလယောက်အောင်ဖန်နှင့် ဦးဖောင်ဂျေခါးတို့မှ တရုတ်ငှက်ပျောကုမ္ပဏီကို ငှားရမ်းရန်အတွက် ခုတ်ထွင်းရှင်းလင်းနေခြင်းကိုရပ်နား၍ ခုတ်လှဲလိုက်သည့်အပင်၏နစ်နာကြေးများကို ကာလပေါက်ဈေးအတိုင်း ပေးစေလိုကြောင်း တောင်သူများက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါတောင်ပေါ်တွင် တောင်သူများမှ နှစ်ရှည်ပင်များစိုက်ပျိုးထားသည့်အပြင် နှစ်စဉ်ပျိုးကဲ့ခြင်းနှင့် ကျွဲ၊ နွားစားကျက်မြေ အဖြစ်ချန်လှပ်ထားနေရာဖြစ်သည့်အတွက် စတင်ခုတ်လှဲစဉ်ကစပြီး တောင်သူများက တားဆီးခဲ့သော်လည်း ဆက်လက်လုပ်ဆောင်နေသည့်အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့မှ တားဆီးပေးစေလိုကြောင်း ပြည်နယ်ဝန်ကြီးချုပ်ထံ မတ်လ ၁၂ ရက်က စာတင်ထားကြောင်း သိရသည်။

“ကျွန်တော်တို့ ဘိုးဘွားလက်ထက်ကတည်းက အဆင့်ဆင့်လုပ်ကိုင်လာခဲ့တဲ့ လယ်ယာမြေတွေဖြစ်တဲ့အတွက် ဘယ်ကုမ္ပဏီမှဝင်လာမှာကိုလည်း မလိုချင်ပါဘူး။ ကုမ္ပဏီတွေဝင်လာပြီဆိုရင် ရွာထဲမှာ မလိုလားအပ်တဲ့ ပြဿနာပေါင်းစုံကြုံ ရတော့မှာဖြစ်လို့”ဟု ခန်ယာန်ကျေးရွာမှ တောင်သူအမျိုးသားတစ်ဦး ပြောသည်။

ထို့အပြင် ဘန်ဆောင်လယ်ကွင်း ရေအရင်းအမြစ်ဖြစ်သော ဘန်ဆောင်ချောင်းဖျားနှင့် ကင်းဒေါင်ချောင်းဖျားတစ်ဝိုက်တွင် ငှက်ပျောစိုက်ပျိုးရန်အတွက် ဦးလယောက်အောင်ဖန်းမှ တစ်ဆင့် တရုတ်ကုမ္ပဏီကို မြေငှားရမ်းလိုက်ပြီး ဇန်နဝါရီလ ၂၀ ရက်မှစတင်ခုတ်ထွင်ရှင်းလင်းနေရာ ယခုအချိန်တွင် အားလုံးပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ယင်းဒေသခံ တောင်သူများသည် ၁၉၇၀ ခုနှစ်မှစ၍ လယ်ယာလုပ်ငန်းများ လုပ်ကိုင်နေထိုင်ခဲ့ရာ ၁၉၆၂ ခုနှစ်တွင် နိုင်ငံရေးအခြေအနေရ ရွာပျက်ခဲ့ရပြီး ၁၉၉၅ ခုနှစ် ပြည်သူများ ရွာပြန်လည်တည်ထောင်ကာ အဆိုပါလယ်ယာနှင့် တောင်ယာလုပ်ငန်းများဖြင့် အခြေချနေထိုင်ခဲ့သည်မှာ ယခုအချိန်ထိဖြစ်ကြောင်းရွာသားများက ပြောသည်။

ယင်းဧရိယာအတွင်းသို့ ငှက်ပျောစိုက်ခင်းများ ဝင်ရောက်လာပါက ဒေသခံများမလိုလားသည့် ကျွဲ၊ နွားတိရိစ္ဆာန်သေဆုံးခြင်း၊ ရေဝေရေလဲချောင်းဖျားပျက်စီးပြီး ရေမြေများ ခမ်းခြောက်ခြင်းတို့ကြောင့် တောင်သူများလုပ်ကိုင်သည့် လယ်ယာမြေများနှင့်စိုက်ပျိုးမြေများပျက်စီးခြင်းများ ဖြစ်ပေါ်လာမည်ကို တောင်သူများစိုးရိမ် နေကြသည့်အတွက် ကုမ္ပဏီဝင်ရောက်လာမည်ကိုလည်း အလိုမရှိကြောင်း တောင်သူများက ပြောသည်။

“ဒီနေ့အထိ ကျွန်တော်တို့သိရသလောက်တောင် ကျွဲနဲ့နွားသေတာ ၁၀ ကောင်လောက်ရှိနေပြီ။ ဘာကြောင့်သေသလဲဆိုတာတော့ စဉ်းစားရခက်တယ်။ အရင်တုန်းကတော့ ကျွဲနွားတွေ အဲဒီလိုမသေဘူး။ အခုငှက်ပျောခြံ ရှိကတည်းက ဆက်တိုက်လိုလို သေနေတယ်။ အစိုးရဆီက ပုံစံ(၇)တောင် ရထားပြီးသားမြေမှာ လုပ်ကိုင်နေတဲ့တောင်သူတွေနေရာကို ငှက်ပျောကုမ္ပဏီ ဝင်ဖို့လုပ်နေတာကို ရပ်တန်းကရပ်ပေးစေလိုပါတယ်။ ဘယ်သောအခါမှ ဘယ်ကုမ္ပဏီမှ ဝင်ရောက်တာကို အလိုမရှိပါဘူး”ဟု ခန်ယာန်ကျေးရွာမှ တောင်သူအမျိုးသားတစ်ဦးက ပြောသည်။

နစ်နာဆုံးရှုံးခဲ့သည့်တောင်သူများကို ဦးလယောက်အောင်ဖန်သည် ကျွန်းပင်တစ်ပင်အတွက် ၅၀၀ ကျပ်နှုန်းဖြင့် လျော်ကြေးပေးခြင်း၊ မြေ ၁၀ ဧကအတွက် ၅ နှစ်စာသိန်း ၂၀ ပေးခဲ့ခြင်းအပေါ် တောင်သူများက ကျေနပ်မှုမရှိကြောင်း ပြောသည်။

အဆိုပါတောင်များပေါ်တွင် ယင်းကျေးရွာအနီးရှိ နောင်ချိန်း၊ ဝွေထု၊ ဘန်ဆောင်ဒုံ၊ ခန်ယာန်စသည့် ကျေးရွာများမှပြည်သူများမှ ကျွန်းသစ်၊ ပျဉ်းကတိုး၊ ရေမနေ စရှိသည့် နှစ်ရှည်ပင်များ တညင်းပင်၊ ကြက်မောက် စသည့်သီးနှံပင်များနှင့် အပင်လုံးရေ ၁၀၀၀ ကျော်ရှိသည့် ဝါးရုံတော ၅၀၀ ခန့်ကို ခုတ်ထွင်ရှင်းလင်းနေကြောင်း သိရသည်။

“တစ်ပင် ၅၀၀ ကျပ် ဆိုတာ ပျိုးပင် တစ်ပင်တစ်နှစ်စာပြုစုခတောင်မရှိဘူး။ ကျပ် ၂၀ သိန်းဆိုတာကလည်း တစ်ဧကကို တစ်နှစ် ၁၀၀၀၀ နှုန်းပဲကျတယ်။ တစ်ကယ်တောင်သူတွေအရမ်းနစ်နာတယ်။ ကျွန်းပင်က ၅ နှစ်လောက်ရှိပြီ။ ပြီးတော့ သူကလည်း သူလုပ်ဖို့အတွက် ကျွန်တော်တို့မြေတွေကို ယူတာမဟုတ်ဘူး။ ငှက်ပျောကုမ္ပဏီတွေကိုငှားပေးဖို့ သိမ်းယူနေတာ။ ကျွန်တော်တို့ အဲဒီငှက်ပျောစိုက်ခင်းဝင်လာမှာကိုလည်း လုံးဝအလိုမရှိပါဘူး”ဟု တောင်သူ ဦးဒေါင်လွမ်းက ပြောသည်။


ယင်း ကင်းဒေါင်နှင့်ဘန်ဆောင်တွင် ဒေသခံလူဦးရေ ၁၆၆ ဦးမှ မှီခိုလုပ်ကိုင်နေသည့် နိုင်ငံတော်အစိုးရမှ လုပ်ပိုင်ခွင့်ပြုလက်မှတ် လယ်ယာမြေပုံစံ(၇)ရရှိပြီးသော လယ်ဧကစုစုပေါင်း ၅၈ ဒသမ၈၆ ဧကခန့်ရှိကြောင်း သိရသည်။

တောင်သူဦးဒေါင်လွမ်း၏ လယ်နှင့် တောင်ကုန်းဧရိယာကို ၂၀၁၀ ခုနှစ်က ဦးဖောင်ရန်တူးလွမ့်က ယွန်ဂျိ(ကချင်ရိုးရာအရ)ဖြစ်သည့်အတွက် ပေးခဲ့သည့်မြေဖြစ်ပြီး ၎င်းမှ ၂၀၁၄ ခုနှစ်မှစတင်၍ လယ်ယာလုပ်ငန်းလုပ်ကိုင်ခဲ့ခြင်းဖြစ်ရာ ယခုနှစ်မှ ဦးလယောက်အောင်ဖန်ဆိုသူသည် ၎င်း၏မြေဧရိယာထဲပါသည်ဟုဆိုကာ တရုတ်ငှက်ပျောကုမ္ပဏီကို ငှားရန်အတွက် အပင်များရှင်းလင်းနေကြောင်း ဦးဒေါင်လွမ်းကပြောသည်။

“ဦးလရောက်အောင်ဖန်က သူယူထားတဲ့ ဧရိယာထဲပါတယ်ဆိုပြီး ဝါးရုံတွေနဲ့သစ်ပင်တွေအားလုံးကို ခုတ်နေပါတယ်။ အဲဒါကိုရပ်ဖို့ ပြောတာလုံးဝရပ်နားခြင်းမရှိပါဘူး” ဟု နောင်ချိန်းကျေးရွာမှ ခန်ယာန်ကျေးရွာတွင် လယ်ယာလာရောက်လုပ်ကိုင်သည့် တောင်သူ ဦးဒေါင်းလွမ်းကပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဦးလယောက်အောင်ဖန်ကို သွားရောက်မေးမြန်းရာ တစ်စုံတစ်ရာဖြေကြားခြင်း မရှိခဲ့ပါ။

မွန်းမွန်းပန်



ခုတ်ထွင်ရှင်းလင်းခြင်းခံရတဲ့ ခန်ယာန်ကျေးရွာသားများ၏ စိုက်ခင်းများကို ပြောပြနေပုံ

ဓါတ်ပုံ - မွန်းမွန်းပန်

# ရှဒူးဇွပ်ဒုက္ခသည်စခန်းတွင် ရေရှားပါးမှုပြဿနာ ကြုံတွေ့နေရ

မတ် ၁၉

ရှဒူးဇွပ် ကက်သလစ်စစ်ရှောင်ဒုက္ခသည်စခန်းတွင်နေထိုင်သည့် ပြည်သူများသည် ရေရှားပါးမှုဒုက္ခကို ကြုံတွေ့နေရသည်ဟု စခန်းတာဝန်ခံ ဦးခါးလီက ပြောသည်။

အဆိုပါစစ်ရှောင်စခန်းရှိ ရေတွင်းသည် နွေရာသီတွင် ရေခန်းခြောက်သွားသည့်အတွက်ကြောင့် အနည်းငယ်သာရရှိသည့်ညစ်ညမ်းသောရေကို သောက်သုံးနေရကြောင်း ဦးခါးလီက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“နွေရာသီဆိုတော့ ရေခပ်သောက်ဖို့လည်း ခက်လာတယ်။ ရေလည်း အနီရောင်တွေပဲ ဒီရေတွေကိုပဲ ခပ်သောက်နေရတယ် ကျန်းမာရေးကတော့ ကလေးတွေဝမ်းလျှော်တယ်။ ရေကြောင့်ထင်တယ် ကိုယ်လက်တွေညောင်းညာကိုက်ခဲလာတယ်”ဟု စစ်ရှောင်ဒုက္ခသည်စခန်းမှ ဒေါ်လဖိုင်ကော့က ပြောသည်။

စစ်ရှောင်စခန်းရှိ ပြည်သူများသည် ရေတွင်းတစ်ခုသာရှိသည့်အတွက်ကြောင့် လူအများနှင့် လုယက်ပြီး ရေကိုခပ်သောက်နေရကြောင်း သိရသည်။

“ကျနော်တို့ရွာကလည်း ရေတွင်းကိုမတူးပေးဘူး။ စစ်ရှောင်စခန်းက တူးဖို့အတွက် ဘတ်ဂျက်မရှိဘူး ဒါကြောင့် စိုးရိမ်နေတယ်”ဟု ဦးခါးလီက ပြောသည်။

စစ်ရှောင်စခန်းအတွင်းရှိ ကုန်းမြေသည် မြင့်သည့်အတွက်ကြောင့် ရေတွင်းရေရရှိမှု အားနည်းခြင်းဖြစ်သည်ဟု သိရသည်။

ဆန်လတ်

# မွေးမြူရေးလုပ်ငန်း ကျယ်ပြန့်လာဖို့ စားကျက်မြေက အဓိကကျပါတယ်



**မွေးမြူရေးလုပ်ငန်း ကျယ်ပြန့်လာဖို့ စားကျက်မြေက အဓိကကျပါတယ်လို့ဆိုလာတဲ့ နိုင်ငံတော်သမ္မတရဲ့ ကျေးရွာအဆင့် အကောင်းဆုံးမွေးမြူထုတ်လုပ်မှုထူးချွန်ဆု ရှင် ဦးနော်ဂျာနဲ့ တွေ့ဆုံမေးမြန်းထားသည်များကို မြစ်ကြီးနားသတင်းဂျာနယ် ပရိသတ်ကြီးအတွက် ဖော်ပြပေးလိုက်ပါတယ်။**

**ဆိုင်းထွယ်ဇဝ်မေးမြန်းသည်**

**မေး ။ ။ပထမဦးဆုံးအနေနဲ့ ဦးလေးရဲ့အမည်နဲ့ ပရိသတ်ကြီးကို မိတ်ဆက်ပေးပါဦးရှင့်။**
ဖြေ။ ။ ကျွန်တော့်နာမည် အင်ခွမ်ဂျာနော် ဖြစ်ပါတယ်။

**မေး။ ။ CHAMP နို့စားနွား မွေးမြူရေးလုပ်ငန်းကို ဘယ်အချိန်ကတည်းက စတင်လုပ်ကိုင်ခဲ့တာလဲရှင့်။**
ဖြေ။ ။ကျွန်တော် ၂၀၁၀ ခုနှစ် စက်တင်ဘာလကတည်းက ဒီလုပ်ငန်းကို စတင်ခဲ့တာပါ။

**မေး။ ။ဦးလေး ဒီလုပ်ငန်းကို ဘယ်လိုစပြီးလုပ်ကိုင်ဖြစ်ခဲ့သလဲ။**
ဖြေ။ ။လုပ်ငန်းအစပိုင်းကတော့ လုပ်ချင်တဲ့စိတ်ပဲရှိတယ်။ဘာမှအစီအစဉ်တကျမရှိဘူး။ နွားတွေ တစ်ကောင်ပြီးတစ်ကောင်သေတယ် အရှုံးပေါ်ခဲ့တယ်။ နို့ထွက်လည်းမကောင်းခဲ့ဘူး။ နို့အရည်အသွေးလည်းမမှီခဲ့ဘူး။ နောက်မှ ကျွန်တော်ကိုယ်တိုင် စာတွေဖတ်တယ်။ သူများအပြောကို ပဲမယုံတော့ဘူး ။ ကမ္ဘာပေါ်မှာ နယူးဇီလန်ကနွားနို့က အကောင်းဆုံးဆိုတော့ သူတို့ ဘယ်လို အစာကျွေးတယ်။အများကြီး ကိုယ်တိုင်နည်းစနစ်တွေအမျိုးမျိုးလေ့လာပြီး ဒီနို့စားနွားမွေးမြူရေးလုပ်ငန်းကို အခက်အခဲအမျိုးမျိုးကြားက စခဲ့ရပါတယ်။

**မေး။ ။ဦးလေးတို့က နွားနို့ကိုအဓိက ထုတ်တာဆိုတော့ နွားနို့အရည်အသွေးပြည့်မှီအောင် ကွာလတီဘယ်လိုထိန်းလဲရှင့်။**
ဖြေ။ ။နို့ကွာလတီကောင်းဖို့ဆိုတာက နွားကိုကျွေးတဲ့အစာပေါ်မှာလည်း မူတည်တယ်။ နွားတိုင်း အရည်အသွေးပြည့်ဝတဲ့ နို့ကောင်းမထွက်ဘူး။ ထွက်ဖို့ဆိုတာက မျိုးကောင်းရတယ် ။ နွားကိုကျွေးတဲ့အစာမှာပါတဲ့ ကောက်ရိုးတစ်မျှင်ကအစ ဂရုစိုက်ပေးရတယ်။ မှိုစွဲနေတာတွေမပါရဘူး။ အစာ၀၀ကျွေးရတယ်။ နွားနို့ဆိုတာက နွားတွေရဲ့အသွေးအသားက ထွက်လာတာဆိုတော့ သူတို့စိတ်ချမ်းသာအောင် ထားဖို့လည်းအရေးကြီးတယ်။ စိတ်ချမ်းသာမှ နို့ကောင်းတာတွေထွက်မယ်။

**မေး။ ။ဦးလေးတို့ နွားမျိုးကောင်းမျိုးသန့်ရဖို့ ဘယ်လိုလုပ်ယူလဲရှင့်။**
ဖြေ။ ။မျိုးကတော့ ခြံမှာပဲ ဖောက်တယ်၊ အပြင်ကမယူဘူး၊ တကယ်ကို အရည်အသွေးပြည့်မှီတဲ့နွားတွေရဲ့ မျိုးကိုပဲယူပြီး နိုက်ထရိုဂျင်ပုံးထဲထည့်ပြီး ထိန်းသိမ်းထားတယ်။

**မေး။ ။မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးတစ်ဦးအနေနဲ့ ရရှိခဲ့ဖူးတဲ့ဆုတွေရှိလားရှင့်။**
ဖြေ။ ။၂၀၁၃ခုနှစ်အတွက် နိုင်ငံတော်သမ္မတ၏ ကျေးရွာအဆင့် အကောင်းဆုံးမွေးမြူထုတ်လုပ်မှု ထူးချွန်ဆု(လူပုဂ္ဂိုလ်)၊နို့စားနွားမွေးမြူရေးခြံအနေနဲ့ ကျွန်တော့်ခြံက ရရှိဖူးပါတယ်။


CHAMP နို့စားနွားမွေးမြူရေးခြံ

**မေး။ ။မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေတဲ့ ဦးလေးအနေနဲ့ နိုင်ငံတော်ကိုဘာတွေတောင်းဆိုချင်လဲ။**
ဖြေ။ ။တောင်းဆိုချင်တာကတော့ စားကျက်မြေတောင်းဆိုချင်တယ်။ ဒါမှလည်း ပြည်သူတွေအားလုံး မွေးမြူရေးလုပ်ငန်းကို ကျယ်ပြန့်စွာလုပ်ကိုင်လာနိုင်မယ်လို့ထင်တယ်။ အစိုးရကလည်း နွားနို့သောက်ပါကပြောပြီး နွားမွေးဖို့စားကျက်မြေကမရှိတော့ ဘယ်နေရာမှာမွေးပြီး ဘယ်ကနို့ကိုသွားသောက်ရမှာလဲ၊ ဒါကြောင့် မွေးမြူရေးလုပ်ငန်းတိုးတက်ချင်ရင် စားကျက်မြေပေးဖို့ကို တောင်းဆိုချင်တယ်။

**မေး။ ။လတ်တလောမှာ ဦးလေးတို့ ခြံကနွားနို့ပိဿချိန် တစ်နေ့ ဘယ်လောက်လောက် ထွက်လဲရှင့်။**
ဖြေ။ ။ပိဿာချိန် ၇၀၊ ၈၀ ထွက်တယ်။ ဒီနို့တွေရဲ့ ကွာလတီအဆင့်ကတော့ ပထမတိပ်တန်းပဲ၊ လုံး၀ကို ယုံကြည်စိတ်ချရတယ်။

**မေး။ ။ဦးလေးတို့ခြံမှာနွားနို့၊ နို့ချဉ်၊ ထောပတ် အပြင် နို့ထွက်ပစ္စည်း ဘာတွေဆက်ပြီး ထုတ်လုပ်သွားဖို့အစီအစဉ်ရှိလဲရှင့်။**
ဖြေ။ ။အများကြီးရှိပါတယ်။ နို့ဆပ်ပြာတို့နို့မှုန့်တို့ ထုတ်လုပ်သွားဖို့ အစီအစဉ်ရှိပါတယ်။အခုကမိသားစုလုပ်ငန်းလိုပဲဖြစ်နေပါသေးတယ်။ ဒီထက်ပိုပြီး ကျယ်ပြန့်အောင် ထုတ်လုပ်သွားမှာပါ။

**မေး။ ။ဦးလေးတို့ခြံမှာ ဒီထက်တိုးတက်အောင် အနာဂတ်အစီအစဉ်အနေနဲ့ ဘာတွေလုပ်သွားဖို့အစီအစဉ်ရှိလဲရှင့်။**
ဖြေ။ ။မွေးမြူရေးလုပ်ငန်းတိုးတက်ဖို့က စက်ယန္တယားနဲ့လုပ်ကိုင်လာနိုင်ဖို့တော့ မျှော်လင့်တယ်။ နို့ညှစ်စက်တို့ သုံးလာနိုင်အောင်ပေါ့။ ပြီးတော့ မျိုးမြင့်ရမယ်။ ဆိုလိုတာက အရင်သာမန်နွားတွေက အကောင် ၂၀ကိုနို့ညှစ်မှ ပိဿာ ၁၀၀ ထွက်တယ်။ မျိုးမြင့်တဲ့နွားတွေဆို ၅ ကောင်နဲ့တင် ပိဿာ ၁၀၀ ထွက်တာ မျိုးမြင့်တာရရှိပြီဆိုရင် ကုန်ကျစရိတ်လည်းနည်းသွားမယ်။ နွားနို့ဈေးလည်းကျသွားမယ်။ ဈေးကျသွားရင် လူတန်းစားမရွေးနွားနို့ကိုသောက်နိုင်လာပါပြီ။ အနာဂတ်အစီအစဉ်ကတော့ ပြည်သူအားလုံး ဈေးသက်သာစွာနဲ့ နွားနို့သောက်နိုင်ဖို့ပါပဲ။

**မေး။ ။မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူတွေကို အကြံပေးစကားလေး။**
ဖြေ။ ။မွေးမြူရေးလုပ်မယ်ဆိုရင် တစ်ကောင်တည်းလည်း မွေးလို့ရတယ်။ အကြီးအကျယ်မွေးမှ မဟုတ်ဘူး။ သေးသေးလေးက စလုပ်လို့ရပါတယ်။ ဒီခေတ်ကြီးထဲမှာ ကျောက်စိမ်းပေါက်မှ ချမ်းသာမယ်မဟုတ်ဘူး။ သူများတွေ ၀က်ပဲမွေးတယ် ချမ်းသာသွားတာပါပဲ မွေးမြူရေးလုပ်ငန်းနဲ့လည်း ချမ်းသာနိုင်ပါတယ်။ မွေးမြူရေးလုပ်မယ်၊စိတ်၀င်စားတယ် ဆိုရင် ကျွန်တော့်ဆီမှာလည်း လာရောက်လေ့လာလို့ ရပါတယ်၊ အကြံပေးပြီး ကူညီနိုင်ပါတယ်။ ခြံလိပ်စာကတော့ ၉ / ၂၅၉ ရာဇါကောင်(ဘီ) တပ်ကုန်း၊ မြစ်ကြီးနား ချမ်းသစ်ခွစိုက်ပျိုးရေးနှင့်မွေးမြူရေး ဖြစ်ပါတယ်။

ဆိုင်းထွယ်ဇင်

---

# ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲ စိတ်ဝင်စားသူများ လျှောက်ထားနိုင်ပြီ

မတ် ၁၉

(၇၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲအတွက် စိတ်ပါ၀င်စားသူများ လာရောက်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထိုပြိုင်ပွဲကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဦးစီးကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲ၀င်လိုသူများသည် အသက်(၁၆)နှစ်အထက် အိမ်ထောင်မရှိသူ အပျိုလူပျို မည်သူမဆိုလာရောက်ယှဉ်ပြိုင်နိုင်ကာ လူငယ်များအားကစားစိတ်ဓာတ်နိုးကြားလာစေရန် ရည်ရွယ်ကြောင်းကို ထိုပြိုင်ပွဲမှတာ၀န်ရှိသူ ဒေါ်ဘတ်တီဆိုင်းဆန့်က မြစ်ကြီးနားသတင်းသတင်းဂျာနယ်သို့ ပြောသည်။

"လူငယ်တွေအားလုံးကို လာရောက်ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ပါတယ်။ကိုယ်အားကစားလုပ်ထားတာ၊ကိုယ်ကာယကြံ့ခိုင်သန်စွမ်းတာကို လူအများကိုမျှဝေပေးဖို့နဲ့၊ အားကစားကိုလူငယ်တွေအားလုံး စိတ်ပါ၀င်စားပြီး လိုက်စားတက်လာစေဖို့ ခုလိုပြိုင်ပွဲတွေကို လာရောက်ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

ထိုပြိုင်ပွဲကိုမတ်လ ၂၄ ရက်မှ ၂၅ ရက်နေ့အထိ ညနေ ၆နာရီမှ Nothern Star Golf Club ခန်းမတွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲ၀င်လိုသူများသည် Nothern Star Golf Club အနီးရှိ အားကစားခန်းမသို့ သွားရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဆိုင်းထွယ်ဇင်

မြစ်ဆုံစောင့်ကြည့်
MYITSONE WATCH

# ကမ္ဘာ့မြစ်ချောင်းအင်းအိုင်များနေ့ကို သံလွင်မြစ်နံဘေးတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ကန့်ကွက်ဆန္ဒပြ



သံလွင်မြစ်ကမ်းဘေးတွင် ပြုလုပ်သော ကမ္ဘာ့မြစ်ချောင်းအင်းအိုင်များနေ့အခမ်းအနား

မတ် ၁၇

ကချင်ပြည်နယ်တွင် နှစ်စဉ် ကျင်းပနေသည့် ကမ္ဘာ့မြစ်ချောင်းအင်းအိုင်များနေ့တွင် ပြုလုပ်သော မြစ်ဆုံဆည်စီမံကိန်းကန့်ကွက်သည့်အခမ်းအနားကို ကရင်ပြည်နယ် ဖားဆောင်းမြို့နယ် ဘဟီထာကျေးရွာရှိ သံလွင်မြစ်ကမ်းနံဘေးတွင် ကန့်ကွက်ဆန္ဒပြခဲ့သည်။ သံလွင်မြစ်ကမ်းနဘေးတွင် ကချင်၊ ကယား၊ မွန်၊ ရှမ်း၊ ရခိုင်၊ချင်း စသည့် တိုင်းရင်းသားကိုယ်စားလှယ် ၇၀၀ ကျော်နှင့် ဘဟီထာရွာသားများက ဆုတောင်းဝတ်ပြုခြင်းဖြင့် ရေကာတာအလိုမရှိကြောင်းကို ကန့်ကွက်ဆန္ဒထုတ် ဖော်ကြသည်ဟု မြစ်ဆုံအရေးလှုပ်ရှားသူ ဒေါ်လုရာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"တက်ရောက်လာတဲ့ တိုင်းရင်းသားတွေအားလုံးက ကိုင်ဆောင်လာတဲ့ ပိုစ်တာသားတွေကို ဖလှယ်ထားတယ် ပြီးတော့ အတူတူအော်ကြတာ။ ကချင်ဆိုရင် မြစ်ဆုံဆည်စီမံကိန်းကို ကန့်ကွက်တယ် ဒို့အရေးလို့ပေါ့။ အဲလိုနဲ့ အခြားတိုင်းရင်းသား အသီးသီးကလည်း ဆည်စီမံကိန်းအလိုမရှိကြောင်းကို ကန့်ကွက်ခဲ့ကြတယ်"ဟု ဒေါ်လုရာက ပြောသည်။

ထိုပွဲသို့ တက်ရောက်လာသူများက Yes to live, No to Dams! စာသားပါသည့် ဆင်တူအင်္ကျီများကို ဝတ်ဆင်ကာ သံလွင်မြစ်ကမ်းနဘေးတွင်ရေကာတာများအလိုမရှိဟု ဟစ်ကြွေးခဲ့ခြင်း ဖြစ်သည်။

ရောဝတီမြစ် ထာဝစဉ်လွတ်လပ်စွာ စီးဆင်းရေး၊ No Dam Myitsone၊ စစ်မြေပြင်အတွင်း ရေအားလျှပ်စစ်စီမံကိန်းများအလိုမရှိ၊ ရောဝတီမြစ်ပြည်သူတွေပိုင်ဆိုင်ရေး စသည့် ပိုစ်တာများ ကိုင်ဆောင် ကာဟစ်ကြွေးခဲ့ခြင်းဖြစ်ကြောင်း မြစ်ဆုံအရေးလှုပ်ရှားသူ ဒေါ်ဂျာခေါန်က ပြောသည်။

သံလွင်မြစ်သည် ကျွန်ုပ်တို့၏ အသက်သွေးကြောဖြစ်သည်၊ သံလွင်မြစ်သည် ကျွန်ုပ်တို့အစားအစာရရှိသော နေရာဖြစ်သည်၊ ရေကာတာအလိုမရှိသည့် စာသားများရေးသားထားတဲ့ ဝါးဖောင် ၃ ဖောင်ကို သံလွင်မြစ်ထဲတွင် မျှောခဲ့ကြသည်။

မြန်မာနိုင်ငံမြစ်ချောင်းများဆိုင်ရာကွန်ရက်မှ မြန်မာနိုင်ငံ၏ပဋိပက္ခဇုန်အတွင်းရှိအဓိကမြစ်ချောင်းများနှင့် မြစ်လက်တက်များအပေါ်တည်ဆောက်မည့်ရေကာတာများကန့်ကွက်တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

လဖိုင်လု

# မေခမြစ်နှင့် ဇေါ့ချန်းခမြစ်ပေါ်တွင် တည်ဆောက်မည့် ရေကာတာများကို ဒေသခံတိုင်းရင်းသားများ ကန့်ကွက်



ဇေါ့ချန်းခမြစ်ကမ်းနဘေးတွင် မေခမြစ်ပေါ်တွင် ပြုလုပ်မည့်ရေကာတာစီမံကိန်းကို ဒေသခံများ ကန့်ကွက်ဆန္ဒပြနေစဉ် ဓါတ်ပုံ - ဆန်လတ်

မတ် ၁၇

ကမ္ဘာ့မြစ်ချောင်းအင်းအိုင်များနေ့ကိုမေခမြစ်နှင့်ဇေါ့ချန်းခမြစ်ပေါ်တွင် တည်ဆောက်မည့် ရေကာတာများ ရပ်တန့်ရန်အတွက် ဌာနေတိုင်းရင်းသားများနှင့် လောင်ဖျစ်ခေါင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့မှ ဦးဆောင်ကာ ဆော့လော်မြို့နယ် ဝါမောဖွပ်ကျေးရွာ ဇေါ့ချန်းခမြစ်ကမ်းနံဘေးတွင် ဆုတောင်းပွဲ ပြုလုပ်ကျင်းပခဲ့သည်။

"မေခမြစ်နှင့် ဇေါ့ချန်းခမြစ်မှာ ရေကာတာရှစ်ခု တည်ဆောက်ဖို့လုပ်နေတယ် အဲ့ဒါကို လုံးဝမလုပ်ဖို့အတွက် နောက်ဆုတ်သွားဖို့အတွက် ဌာနေတိုင်းရင်းသားတွေကိုယ့်ရေ မြေတောတောင်သဘာဝကို ပိုမိုချစ်မြတ်နိုးလာဖို့အတွက်လုပ်တာ"ဟု လောင်ဖျစ်ခေါင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူ ဦးဇောင်ဖိုင်းကမြစ်ကြီးနားသတင်းဂျာနယ်သို့ပြောသည် ။

ရောဝတီမြစ်၏ မြစ်လက်တက်ဖြစ်သော မေခမြစ်နှင့် ဇေါ့ချန်းခမြစ်ပေါ် တည်ဆောက်မည့်ရေကာတာ စီမံကိန်းနှင့်ပတ်သက်၍ ဖျက်သိမ်းပေးရန် လွှတ်တော်မှတစ်ဆင့်ဆွေးနွေးပေးရန် လွှတ်တော်ကိုယ်စားလှယ်များထံစာတင်ထားကြောင်း ဦးဇောင်းဖိုင်းကပြောသည်။

"ကျွန်တော်တို့ ချီဖွေ၊ ဆော့လော်မြို့နယ်က လွှတ်တော်ကိုယ်စားလှယ်တွေကို စာသွားပေးတော့ အားလုံးက နေပြည်တော်ရောက်နေတယ်လို့ ပြောတယ် သူတို့ရုံးမှာပို့ထားတယ် အခုလောလောဆယ်က အဖြေတော့မရသေးဘူး"ဟု ဦးဇောင်းဖိုင်းကပြောသည်။

၎င်း ရေကာတာ ၈ ခု နှင့် မိုက်ဂါဝပ် မဂ္ဂဝပ်-၈၉၀၀ကို ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ရေးဦးစီးဌာန International Energy Cooperation YEIG ကုမ္ပဏီလီမိတက်နှင့် IGE ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း၍ ၂၀၀၉ ခုနှစ် မှစတင်ကာ လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

"ဒီမှာရေကာတာ လုပ်လိုက်ပြီဆိုရင် ဒေသခံတွေရဲ့ လယ်တွေ လုပ်စားဖို့နေရာတွေမရှိလာတော့ဘူး အစိုးရက ရေကာတာလုပ်တာနဲ့ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုမရှိဘူး ဘယ်ရာခိုင်နှုန်းက ပြည်သူတွေရမယ်ဆိုတာလည်းမပါဘူး"ဟု လောင်ဖျစ်ခေါင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ အတွင်းရေးမှူး ဦးလွမ်းဇောင်းကပြောသည်။

ချီဖွေမြို့နယ် ဆော့လော်မြို့နယ်ရှိအတွင်းရှိ စီမံကိန်းနယ်မြေများ အကောင်အထည်ဖော်သွားမည်ဆိုပါက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာမှုများ၊ မြေပေါ်မြေအောက် ရေပေါ်ရေအောက်ရှိ သဘာဝသယံဇာတအရင်းအမြစ်များနှင့် ရေနေ၊ကုန်းနေ သတ္တဝါများ မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုများ အခမ္မပြောင်းရွှေ့စေခိုင်းမှုများ၊ လယ်ယာမြေသိမ်းဆည်းမှုများနှင့် မြစ်ရိုးတစ်လျှောက်ရှိ ကချင်လူမျိုးများ၏ တန်ဖိုးမဖြတ်နိုင်သော သမိုင်းဝင်အမွေအနှစ်များပင် ပျောက်ကွယ်ဆိတ်သုဉ်းသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆန်လတ်

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း




| ရေငွေးဖန်ဖန်၊ ရေချိုချို | |
|---|---|
| စာရေးသူ | = ကိုခါး (ကွမ်းခြံကုန်း) |
| ထုတ်ဝေသူ | = ရန်အောင်စာပေ |
| တန်ဖိုး | = ၂၅၀၀ ကျပ် |

၂၀၁၆ ခုနှစ်အတွက်အမျိုးသားစာပေဆုရ ဆောင်းပါးပေါင်းချုပ်စာအုပ်ဖြစ်ပါသည်။ နူးညံ့သိမ်မွေ့သော အရေးအသားများနှင့်ထိရှသော အတွေးအမြင်များဖြင့် ထိထိရှရှရေးသားတတ်သော ဆရာကိုခါး (ကွမ်းခြံကုန်း)၏ စာပေဆောင်းပါးများဖြစ်သည်။ ယခုစာအုပ်တွင် ဆရာကိုခါးသည် သူနှစ်သက်ခဲ့ရသော စာအုပ်များအကြောင်းကို ရေးသားခံစားပြသလို ခေတ်ပြိုင်မြန်မာနိုင်ငံအခြေအနေများကိုလည်း ခံစားသုံးသပ်ပြသည်။ ဆရာကိုခါးသည် စာပေဆောင်းပါးများစွာကိုရေးသားခဲ့ပြီး စာအုပ်များလည်းထုတ်ဝေခဲ့သူဖြစ်သည်။

ဆယ်စုနှစ်သုံးခုကို ဖြတ်ကျော်ပြီး လူငယ်ဘဝနှစ်များကုန်လွန်လာခဲ့သော်လည်း "မသိန်းရှင်ဆီ ပို့ပေးပါ"ဝတ္ထုထဲက 'ညိုညို'ကို ယနေ့တိုင်ကြိမ်ဖန်များစွာ ကျွန်တော်သတိရမိနေဆဲဖြစ်သည်။ ညိုညိုကိုသနားလှပါသည်။ သူဟာကျွန်တော့်နှမလေးလား။ ကျွန်တော်ကိုယ်တိုင်ပင် ညိုညိုလိုဘဝဒဏ်ပေဖမှာ မွေးဖွားကျင်လည်လာခဲ့ရပါက ကျွန်တော်ပင် ညိုညိုလိုအဖြစ်မျိုးနှင့် ကြုံတွေ့သွားရနိုင်သည်သာ။ သူ့အပေါ်ကို ခေတ်ပေါ်မြန်မာ့လူ့အဖွဲ့အစည်း၏ အလွမ်းဇာတ်တစ်ခုအဖြစ် တွေ့ရှိမှုကြောင့် စေတနာနှင့်စာနာစိတ်များသည် ကျွန်တော့်ထံမှာ ရိုက်ခတ်ကျန်ရစ်ခဲ့၏။ ဝတ္ထုဇာတ်ကောင်တစ်ဦးအတွက် စာဖတ်ပရိတ်သတ်တစ်ဦးက ထိုမျှနှစ်ကာလရှည်ကြာ လေးမြင့်စွာ စွဲထင်ရင်နင့်ကျန်ရစ်ခဲ့ရသည့် အဖြစ်မျိုးသည်လည်း တကယ်မှာလူ့လောကတွင် အံ့ဖွယ်တစ်ခုဖြစ်သည်။ သို့သော် ဒါဟာ အမှန်ပါပဲ။ ၂၀ ရာစုနှစ် ဒုတိယတစ်ဝက်၏ အလယ်ပိုင်းမှ မြန်မာဝတ္ထုဇာတ်ကောင်တစ်ဦးအပေါ် သက်ရှိမြန်မာလူသားတစ်ဦးက အမှန်တကယ် စွဲလန်းတုန်ခါခဲ့ရခြင်းပါပဲ။

ကျွန်တော်သည် တော်စတွိုင်း၏ အန်နာကယ်ရယ်ညီနာ ဝတ္ထုကြီးထဲက အန်နာကယ်ရယ်ညီနာကို မီးရထားတိုက်ခန်းကိုလည်းကောင်း၊ မသိန်းရှင်ဆီပို့ပေးပါထဲက ညိုညိုကို မီးရထားကြိတ်ခန်းကိုလည်းကောင်း အနုပညာမြောက်လွန်းလှသဖြင့် အလွန်အမင်း ကြေကွဲဆို့နင့်ရလေသည်။ ဝတ္ထုစကားပြေနည်းဖြင့် ဖော်ပြနိုင်မှုမှာ အံ့ဖွယ်ပင်ဖြစ်နေ၏။

မသိန်းရှင်ဆီပို့ပေးပါ ဝတ္ထုကြီးထဲက ဝတ္ထုအဖွင့်တွင်ထွက်ခွာလာသောမီးရထားကြီးကို ကျွန်တော် မြင်ယောင်နေမိသည်။ ၀၉၆၄ . . . .

နှင်းထုကြီး ပိတ်ဆို့မှောင်ပိန်းနေသောနံနက်များ၌ ရထားကြီးသည် ဘူတာရုံရှေ့မှ ထွက်ခွာရန် ကြောက်ရွံ့တုန်လှုပ်နေသည်။ (စာ - ၇၆ မှ)

---




| ဗုဒ္ဓဟူးနေ့မှ မိုင်ငါးရာ | |
|---|---|
| စာရေးသူ | = ပိုင်စိုးဝေ |
| ထုတ်ဝေသူ | = နှစ်ကာလများ စာအုပ်တိုက် |
| တန်ဖိုး | = ၅၀၀၀ ကျပ် |

မြန်မာမော်ဒန်စာပေအကြောင်းပြောလျှင် ဆရာပိုင်စိုးဝေမှာ မမေ့မလျော့ထည့်သွင်းပြောဆိုရမည့် ဆရာတစ်ဦးဖြစ်သည်။ ယခင်က ဗုဒ္ဓဟူးနေ့မှမိုင်ငါးရာ ဝတ္ထုတိုပေါင်းချုပ်တွင် ဝတ္ထု ၁၆ ပုဒ်ပါဝင်ပြီး ယခုစာအုပ်တွင် အပုဒ်ရေ(၁၄)ပုဒ်ထပ်ပေါင်းကာ ပိုင်စိုးဝေဝတ္ထုတိုပေါင်းချုပ်(၁) အနေဖြင့် ထွက်ရှိလာခြင်းဖြစ်သည်။ ဆရာ့ဝတ္ထုများမှာ အရေးအသားသစ်လွင်လတ်ဆတ်ပြီး ရေးဟန်များမှာ သမားရိုးကျမှခွဲထွက်ထားသော မော်ဒန်ရေးဟန်များဟု သတ်မှတ်နိုင်ပါသည်။ ၁၉၈၀-၉၀ တစ်ဝိုက်ကရေးသားခဲ့သော ဝတ္ထုအများစုဖြစ်ပြီး ယခုအချိန်ထိ လတ်ဆတ်သစ်လွင်နေသေးဆဲအရေးအသားများကို တွေ့ရှိရပါမည်။

'ကျွန်တော့်တွင် ထိုငွေငါးသောင်း တကယ်ပိုင်ဆိုင်ခဲ့ဖူးကြောင်းအခြားအထောက်အထားများလည်းရှိ သေးသည်။ သမီးငယ်နှစ်ဦးနှင့် သူတို့အမေသည် ငွေထုတ်ကြီးနှင့်ပြန်လာမည့် ကျွန်တော့်အား တကယ်ပင် စောင့်မျှော်နေကြလိမ့်မည်။ မနေ့ညနေကတည်းက ပြန်မလာခြင်းအတွက် သူတို့ပူပင်သောကရောက်နေကြတော့မည်။ အရပ်ထဲက လူကြီးတွေကို သွားပြီးအကြောင်းကြားမည်။ ရဲစခန်းကို တိုင်ပြီးရှာမည်။ အိမ်ဝင်းရောင်းမည့် ပွဲရုံလိ၊ ဆိုင်ခန်းရောင်းမည့် ပွဲရုံလိနှင့်မိတ်ဆွေများ၊ ရပ်ကွက်လူကြီးများသည် ကျွန်တော့်အိမ်သို့ အသီးသီးရောက်လာကြတော့မည်။ နှစ်ပေါင်းများစွာ ကျွန်တော့်စားဝတ်နေရေးအား ဖြည့်ဆည်းပေးခဲ့သော ရုံးလုပ်ငန်းမှ တကယ်ပင်ထွက်ခဲ့ပြီးပြီ။

ဤရှက်ဖွယ်ကြီးအား ကျွန်တော့်ထံထားပစ်ခဲ့ပြီး ထိုငွေများသည် ကျွန်တော့်ထံမှ ပြန်လည်ထွက်ခွာသွားကြပြီ။

ထိုငွေများသည် ကျွန်တော့်ထံ ဘာကြောင့်ရောက်လာခဲ့ပါလိမ့်။ လူတစ်ယောက်ဘယ်လောက်ထိ မိုက်မဲနိုင်သလဲဆိုတာ လူတွေကြည့်ရှုနိုင်ရန် ရောက်လာခြင်းဖြစ်ကောင်းဖြစ်မည်။ အများနှင့်ရောထွေးနေရာမှ ကွင်းပြင်ကျယ်တစ်ခုထဲသို့ ထုတ်ပြလိုက်ခြင်းမျိုးလည်း ဖြစ်မည်။ လူတစ်ဦးချင်း၏ စရိုက်တစ်ခုအား ခွဲခြားမြင်နိုင်ရန် မီးမောင်းထိုးပြလိုက်ခြင်းမျိုးလည်း ဖြစ်သည်။ (စာ - ၂၀၅ မှ)

## ကဗျာကဏ္ဍ

### အန္တိမ

သွားတဂျိဂျိနဲ့ အံကြိတ်လို့
တိမ်တွေရယ်။

လင်နောက်လိုက်ပြေးခါစ ညနေခင်းဟာ
ရှက်ရွံ့ရွံ့
အလစ်မှာ ခိုးခိုးပြုံး။

နှလုံးရည်သမား နေလုံးကလေးက
ဘဲဥနှစ်ကလေးလို
ပျော့ပျော့ပဲ။

စလွယ်လည်း ပြမယ်
မဟာဒုဌ်လည်း ပြမယ်
ကိုယ်ကာယရဲ့ကဗျာ။

အဆုံးသတ်ရဲရင့်ပန်းချီဆရာ
တုန်းအပြည့်
စုတ်အပြည့်
သေခြင်းလို အပ်ကျမတ်ကျ
သိပ်လှတဲ့လက်မှတ်ကလေး။

နေပျော်ရဲ့လား
သေပျော်ရဲ့လား
ကဗျာရေးခဲ့ရတာ တန်ခဲ့ရဲ့လား
ဟောဒီမှာ ကျကွဲသွားတာ
တိုင်းပြည်ပုလင်းလွတ်ထဲက
လေခိုနေတဲ့ စိတ်ကူးစိတ်သန်းတွေ။ ။

ခက်သီ






# ပြည်သူများ စားသုံးသူအခွင့်အရေးနှင့် ဥပဒေကို ပိုမိုသိရှိစေလို

မတ် ၁၅

ကမ္ဘာ့စားသုံးသူများနေ့ကို စားသုံးသူအခွင့်အရေးဥပဒေ သိရှိရန်အတွက် ပညာပေး ဟောပြောပွဲကို မတ်လ ၁၅ ရက်နေ့က မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တွင် ကချင်ပြည်နယ်စားသုံးသူများ အကာအကွယ်ပေးရေးကွန်ရက်မှ ပြုလုပ်ခဲ့ကြသည်။


ကမ္ဘာ့စားသုံးသူများနေ့တွင် လမ်းတက်စာစောင်များ ဝေနေပုံ ဓါတ်ပုံ - မွန်းမွန်းပန်

ထို့သို့ပြုလုပ်ရခြင်းမှာ စားသုံးသူများ၏ အခွင့်အရေးကို စားသုံးသူများကိုယ်တိုင် သိရှိပြီး စားသုံးသူကိုယ်တိုင် ပါဝင်လုပ်ဆောင်မှသာ အဆိုပါ အခွင့်အရေးကို ရရှိနိုင်မည် ဖြစ်သည့်အတွက် စားသုံးသူများ အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို လူငယ်ဦးရေ ၂၀၀ ကျော်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

“စားသုံးသူတွေအားလုံးကပဲ ပူးပေါင်းလုပ်ဆောင်မှ အခွင့်အရေးရမယ်ဆိုပြီး ရည်ရွယ်လုပ်ဆောင်လာခဲ့တာပါ။ ဒီနေ့တစ်ရက်ထဲမှာပဲ ပြုလုပ်ခြင်းဖြင့် ထိရောက်မှုတော့ အများကြီးတော့မရှိပေမယ့် စားသုံးသူများအထိမ်းအမှတ်နေ့ ရှိတယ်ဆိုတာကို ကြားသိရသလောက် ကြားသိနိုင်အောင် လုပ်ရခြင်းဖြစ်ပါတယ်” ဟု ကချင်ပြည်နယ်စားသုံးသူ အကာအကွယ်ပေးရေးကွန်ရက်မှ တာဝန်ခံဆရာမတုန်ဖန်က ပြောပါတယ်။

ကုလသမဂ္ဂက ၁၉၈၆ ခုနှစ် မတ်လ ၁၅ ရက်ကို ကမ္ဘာ့စားသုံးသူများနေ့ဟု သတ်မှတ်ခဲ့ပြီး ထို့အခွင့်အရေးဆိုင်ရာ ဥပဒေကိုမြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။

ကချင်ပြည်နယ်ရှိ စားသုံးသူများအခွင့်အရေးကို ၂၀၁၅ မှစပြီး အရပ်ဘက်အဖွဲ့အစည်း ၀၈ဖွဲ့မှစုပေါင်းကာကချင်ပြည်နယ်စားသုံးသူများအကာအကွယ်ပေးရေးကွန်ရက်ကို ဖွဲ့စည်းခဲ့ပြီး လူစည်းကားသည့် ဈေးနှင့် စာသင်ကျောင်းများတွင် ပညာပေးလုပ်ငန်းများ၊ ပညာပေးဟောပြောပွဲများပြုလုပ်ခဲ့ကြကြောင်းလည်း သိရသည်။

“အဲဒီအချိန်တုန်းကတော့ အခွင့်အရေးကို လုပ်ဖို့အခွင့်အရေးမရှိခဲ့ကြဘူး။ ရက်လွန်ကုန်ပစ္စည်းတွေကို မရောင်းဖို့လောက်ပဲ ပြောနိုင်ခဲ့ပါတယ်။ ဒါကြောင့် အခုမှ စားသုံးသူများအခွင့်အရေးက ဘယ်လိုရှိတယ်ဆိုတာတွေကို ပြောပြလာနိုင်ခဲ့တာဖြစ်ပါတယ်”ဟု ဆရာမတုန်ဖန်က ပြောသည်။

စားသုံးသူများအနေဖြင့် ပြဿနာတစ်စုံတစ်ခုဖြစ်ပွားပါက မြစ်ကြီးနားမြို့တွင် ရွှေတောင်လမ်း၊ ရာပြည့်ဘော်ဒါရှေ့ရှိ အမှတ်(၁၉၉) စားသုံးသူရေးရာဦးစီးဌာနရုံး၊ ပန်းမော်မြို့တွင် ပန်းမော် - မံစီလမ်း ကုက္ကိုလ်တောရပ်ကွက် အထက(၂)ကျောင်းလမ်း အနီးရှိ စားသုံးသူရေးရာဦးစီးဌာနရုံး၊ မိုးညှင်းမြို့တွင် နားခါရပ်ကွက်ရှိ အမှတ်(၁၀၇)စားသုံးသူရေးရာဦးစီးဌာနရုံးတို့တွင် စားသုံးသူကိုယ်တိုင် သွားရောက်တိုင်ကြားနိုင်ကြောင်း သိရသည်။

“ဆိုင်ကအာမခံချက်ပေးထားတဲ့ တီဗီ၊ ဖုန်း၊ ကင်မရာစရှိတဲ့ လူသုံးကုန်ပစ္စည်းအမျိုးမျိုးနှင့် စားသောက်ကုန်အမျိုးမျိုးတို့ကြောင့် စားသုံးသူအနေဖြင့် နစ်နာပေမယ့် တာဝန်ယူမှုပိုင်ဘာမှမလုပ်ပေးဘူးဆိုရင် သွားရောက်တိုင်ကြားနိုင်ပါတယ်။ တိုင်ကြားလာသည့် ပြဿနာကို စားသုံးသူအငြင်းပွားမှုကော်မတီမှ အတိုင်ခံရသူကိုခေါ်ယူပြီး တာဝန်ယူခြင်း ပြုလုပ်ခိုင်းမယ်။ နောက် ကုမ္ပဏီနဲ့ စားသုံးသူကို ညှိနှိုင်းမှု လုပ်ပေးမယ်။ မရဘူးဆိုရင် မပြေလည်မချင်း ဥပဒေနဲ့အရေးယူဆောင်ရွက်ပေးမယ်” ဟု ကချင်ပြည်နယ်စားသုံးသူ အကာအကွယ်ပေးရေးကွန်ရက် ဦးဆောင်ကော်မတီဝင် ကိုဇိုင်းဒူကပြောသည်။

မြန်မာနိုင်ငံသည် စားသုံးသူများအခွင့်အရေးဥပဒေပြဋ္ဌာန်းခြင်းသည် အခြားအဖွဲ့ဝင်နိုင်ငံထက် နှစ် ၃၀ ခန့်နောက်ကျနေပြီဖြစ်သည့်အတွက် စားသုံးသူများအခွင့်အရေး ထိခိုက်နစ်နာမှုများစွာခံစားနေရပြီးဖြစ်ကြောင်းနှင့် နည်းဥပဒေမထွက်ရှိသေးသည့်အတွက်လည်း စားသုံးသူများအခွင့်အရေးကို အပြည့်အဝမရရှိသေးကြောင်း ကချင်ပြည်နယ်စားသုံးသူ အကာအကွယ်ပေးရေးကွန်ရက် ဦးဆောင်ကော်မတီဝင် ကိုဇိုင်းဒူကပြောသည်။

ထို့ကြောင့် စားသုံးသူကိုယ်တိုင် မိမိ၏အခွင့်အရေးရရှိရန်အတွက် မိမိကိုယ့်တိုင်သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့များနှင့် ပူးပေါင်းကာ စားသုံးသူများအခွင့်အရေးကို ရရှိရေးလုပ်ဆောင်ရမည်ဖြစ်သည်။

“ကလေးတွေက ထုတ်လုပ်တဲ့ရက်စွဲ၊ ကုန်ဆုံးရက်စွဲတွေပါမပါ ဘာမှမသိဘဲနဲ့ ဝယ်စားနေကြတဲ့အတွက် မဖြစ်သင့်တဲ့ ကျန်းမာရေးပြဿနာတွေ ကြုံတွေ့နေတာ ကြားနေမြင်နေရတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ကင်ဆာဖြစ်သူတွေများလာကြတယ်။ မြန်မာနိုင်ငံက အရှေ့တောင်အာရှမှာဆိုရင် ကင်ဆာအများဆုံးဖြစ်ပွားနေတဲ့ ဒုတိယအဆင့်နိုင်ငံမှာ ပါဝင်လာနေပါတယ်”ဟု ကိုဆိုင်းဒူက ပြောသည်။

ထို့အပြင် မြန်မာနိုင်ငံရှိ စားသုံးကုန်ပစ္စည်းများကို ကုမ္ပဏီမှ ဖြန့်ဖြူးရောင်းချထားသည့်ကုန်ပစ္စည်းများ ရက်လွန်ပါကပြန်လည်သိမ်းဆည်းခြင်း မရှိသည့်အတွက် ပြည်သူအချို့ဝယ်ယူစားသုံးမိကာ ကျန်းမာရေးပြဿနာများ ကြုံတွေ့လာနိုင်သည်။

မွန်းမွန်းပန်၊ ဆန်လတ်




## Movie View

▶ ယခုအပတ် ဇော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ

ရက်စွဲ - မတ် ၂၃ မှ မတ် ၂၉ ရက်ထိ
မြန်မာကား - မုဒြာရဲ့ခေါ်သံ
ပွဲချိန် - နေ့လယ် ၁၂း ၁၅ နာရီ ၆ နာရီခွဲ
နိုင်ငံခြားကား - Tomb Raider
ပွဲချိန် - ညနေ ၃ နာရီခွဲ










| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# တပ်မတော်ယာဉ်တန်း လမ်းလုံခြုံရေးအဖွဲ့မှ ခေါ်ဆောင်သွားသော ပူတာအိုဒေသခံတစ်ဦး အမြန်ဆုံးလွှတ်ပေးရန် စာတင်

မတ် ၂၀

ပူတာအိုမြို့နယ် လုံရှာယန်ကျေးရွာတွင်နေထိုင်သည့် ဦးဝဒူခွန်းအောင်အား တပ်မတော်ယာဉ်တန်းလမ်းလုံခြုံရေးအဖွဲ့မှ ခေါ်ဆောင်သွားသည့်ကိစ္စကို အမြန်ဆုံးပြန်လည် လွှတ်ပေးစေလိုကြောင်း သက်ဆိုင်ရာအဖွဲ့အစည်းများထံ အကူညီတောင်းခံစာတင်ထားကြောင်း သိရသည်။

မတ်လ ၂၀ ရက်နေ့က မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့(PCG)အဖွဲ့နှင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲတို့ထံ အမြန်ဆုံး လွှတ်မြောက်လာရေးအတွက် ကူညီဆောင်ရွက်ပေးရန် စာတင်ခဲ့ခြင်းဖြစ်သည်ဟု ဇနီးဖြစ်သူ ဒေါ်နောင်ဘူရွာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ဦးဝဒူခွန်းအောင်သည် မတ်လ ၁၀ ရက်နေ့က ဆွမ်ပီယန်ကျေးရွာမှ ဆွေမျိုးတစ်ဦးအား ဆိုင်ကယ်ဖြင့်သွားရောက်ပို့ဆောင်စဉ် နေရပ်သို့ အပြန်လမ်း မဆွမ်ဇွပ်ကျေးရွာအနီးတွင် တပ်မတော်ယာဉ်တန်းလုံခြုံရေးအဖွဲ့က သေနတ်ဖြင့်ချိန်ကာ တားမြစ်ခြင်းခံနေရကြောင်း ဆယ်အိမ်မှူးတစ်ဦးထံ ဦးဝဒူခွန်းအောင်ကဖုန်းဆက်အကြောင်းကြားခဲ့ကြောင်း တင်ပြစာအရသိရသည်။

ထို့အချိန်မှစ၍ ယနေ့အထိ အဆက်အသွယ်မရရှိတော့ကြောင်းကို ဇနီးဖြစ်သူကပြောသည်။

“ရှင်နေတာဖြစ်ဖြစ် သေသွားတာပဲဖြစ်ဖြစ် အမြန်ဆုံးအကြောင်းကြားခိုင်းစေချင်တယ်။ ဘယ်ရောက်လို့ရောက်မှန်းမသိဘူး။ ခုက ပျောက်တဲ့နေ့ကစပြီး နေ့တိုင်း ငိုပဲငိုနေရတယ်”ဟု ဇနီးဖြစ်သူက ပြောသည်။

ပြည်သူများအား အကာအကွယ်ပေးရန် တာဝန်ယူလျက်ရှိသော တပ်မတော်၏ဂုဏ်သိက္ခာကိုပါ ညှိုးနွမ်းစေနိုင်သည့်အတွက် တပ်မတော်ယာဉ်တန်းလုံခြုံရေးတာဝန်ရှိသူများမှ ခေါ်ဆောင်ထိန်းသိမ်းထားသော မိမိခင်ပွန်းအား အသက်ရှင်လျက် အမြန်ဆုံး ပြန်လည်လွှတ်ပေးမည်ကို ယုံကြည်အားကိုးစွာ အကူအညီတောင်းခံကြောင်းလည်း တင်ပြစာတွင် ဖော်ပြထားသည်။

ဦးဝဒူခွန်းအောင်တွင် သားသမီး ၅ ဦးရှိပြီး မူလတန်းအရွယ်နှင့် KG တန်းတက်သည့် အရွယ်များသာ ရှိသေးကြောင်းလည်း သိရသည်။

“ကလေး ၅ ယောက်နဲ့ ကျွန်မတစ်ယောက်တည်း ဘယ်လိုလုပ်ကျွေးရမလဲမသိတော့ဘူး။ သူ့ရဲ့ဝင်ငွေနဲ့ပဲ ကျွန်မတို့မိသားစုကို လုပ်ကျွေးနေတာ အမြန်ဆုံးပြန်လွှတ်လာအောင် ကူညီပေးကြပါ”ဟု အသက် ၄၀ အရွယ် ဇနီးဖြစ်သူ ဒေါ်နောင်ဘူရွယ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ခင်ပွန်းသည် ပျောက်ဆုံးနေခြင်းနှင့်ပတ်သက်၍ မတ်လ ၁၂ ရက်နေ့က ပူတာအိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး၊ (၄၆)စစ်ပျံဟာ၊ ပူတာအိုခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများသို့ ပေးပို့ခဲ့ကြောင်းလည်း သိရသည်။

သို့သော် ယနေ့အချိန်ထိ မည်သည့်ဌာန၊ တပ်ဖွဲ့များကမှ ဆက်သွယ်လာခြင်းမရှိသေးသည့်အတွက် စိတ်ပူပန်လျက်ရှိကြောင်း မိသားစုဝင်များက ပြောသည်။

ဂျိုး(ပူတာအို) Salai


ပျောက်ဆုံးနေသော ဦးဝဒူခွန်းအောင်

# ၂၀၁၈ မတ်လအထိ ဖားကန့်မြေစာပုံပြိုကျ လူဦးရေ ၃၀ ခန့်သေဆုံး

မတ် ၂၀

ဖားကန့်ဒေသတွင်း ယခုနှစ် မတ်လ ၂၀ ရက်နေ့အထိ မြေစာပုံပြိုကျမှု ကမ်းပါးယံပြိုကျမှုများကြောင့် လူဦးရေ ၃၀ ဦးခန့် သေဆုံးသွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယခုလ ၁၅ ရက်နေ့က တစ်သုံးလုံးကျောက်မျက်တူးဖော်ရေးကုမ္ပဏီမှစွန့်ပစ်သည့် ကန်ခါမြေစာပုံပြိုကျခဲ့ခြင်းကြောင့် ရေမဆေး ၄ ဦးခန့်ပျောက်ဆုံးနေကြောင်းသိရပြီး ထိုအရေအတွက်ထက် ပိုမိုများပြားနိုင်ကြောင့် မျက်မြင်သက်သေများ၏ ပြောကြားချက်အရ သိရသည်။

“မြေစာပုံက အလယ်ကပြိုကျတာဗျ။ ကျွန်တော်တို့က ထွက်ပြေးလို့လွတ်သွားတာ။ အောက်ကိုကြည့်လိုက်တော့ ခေတ်မီးဝင်းဝင်းနဲ့ဟာတွေ အကုန်ပျောက်သွားတယ်။ နှစ်ယောက်ပဲ တွေ့ရတော့တယ်။ အယောက်နှစ်ဆယ် အစိတ်လောက်တော့ပါသွားမယ်ထင်တယ်”ဟု မျက်မြင်သက်သေကိုဇော်မျိုးခိုင်မှ ပြောသည်။

ထို့ပြင် ဇန်နဝါရီလ ၄ ရက်နေ့တွင် မော်မောင်းဘွမ်ကျေးရွာရှိ ဂျိတ်လန်းကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၏ စွန့်ပစ်မြေစာပုံပြိုကျပြီး ရေမဆေးလုပ်သား ၆ ဦး၊ ဇန်နဝါရီလ ၆ ရက်နေ့က ဝေခါကျေးရွာရှိမြေစာပုံပြိုကျမှုကြောင့် ၅ ဦး နှင့် ဇန်နဝါရီလ ၁၀ ရက်နေ့က ဆိပ်မူကျေးရွာအုပ်စု နမ့်မော်ကျေးရွာအနီးမှာရှိတဲ့ ရတနာစမ်းရှင်ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၏ စွန့်ပစ်မြေစာပုံပြိုကျခဲ့လို့ ရေမဆေး ၄ ဦး၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဘက်ဟိုးဆရာတစ်ဦး၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင်ချောင်းဆုံမြေစာပုံတွင် အမျိုးသမီးတစ်ဦးအား မြေစာသယ်ယာဉ်ကြိတ်မိပြီး သေဆုံးခဲ့ရကြောင်းလည်း သိရသည်။

ထိုသို့ မြေစာပုံပြိုကျသေဆုံးမှုများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာမှ ရေမဆေးရှာဖွေသူများအနေဖြင့် အန္တရာယ်ရှိနိုင်သော မြေစာပုံများတွင် သွားရောက်ရှာဖွေကြခြင်းမပြုရန်နှင့် သတိထားဆင်ခြင်ပြီးမှသာ ရှာဖွေကြရန်နှင့် တပိုင်တနိုင်လုပ်ကိုင်ခွင့်များကို ချထားပေးမည်ဆိုပါက ထိုသို့မြေစာပိသေဆုံးခြင်းများမှ လျော့ကျသွားနိုင်ကြောင်းလည်း ဖားကန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုးမှ ပြောသည်။


ဓါတ်ပုံ - စည်သူ(မြစ်ကြီးနား)

“မရှာနဲ့လို့လည်း ပြောလို့မရဘူးလေ။ တစ်ချို့ကျတော့လည်း အသက်အန္တရာယ်ကို ပမာနမထားဘဲ ရှာကြတယ်။ အန္တရာယ်ရှိနိုင်တဲ့နေရာမျိုးတော့ ရှောင်သင့်တယ်။ ကိုယ်ပိုင်တပိုင်တနိုင်တူးဖော်ခွင့်လေးတွေပေးထားရင်တော့ မြေစာပုံမှာ လာရှာတာတွေ နည်းသွားပြီးတော့ သေဆုံးမှုနည်းသွားနိုင်တယ်”ဟု ဦးတင့်စိုးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထို့ပြင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ရက်နေ့ကလည်း တစ်သုံးလုံးစွန့်ပစ်မြေစာပုံပြိုကျခဲ့ခြင်းကြောင့် လူဦးရေ ၁၄၄ ဦးခန့်ကိုအလောင်းဆယ်ယူနိုင်ခဲ့ပြီး ၄၀၀ ခန့်သေဆုံးခဲ့သည်ဟုလည်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။

စည်သူ(မြစ်ကြီးနား)၊
ဇော်မိုးထက်(ဖားကန့်)

# အများသိစေရန်ကြေညာခြင်း

မှန္တလေးမြို့ ၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂-၆၃ လမ်းကြား၊ ၄၁-၄၂ လမ်းကြား၊ ဝိတောက်လမ်း၊ အကွက် န /၄ အမှတ် (၂၃) ၊ ဦးကျော်ဇုမြင့် ၁/မကန (နည်) ၀၀၀၉၈၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်အောက်ပါအတိုင်းကြေညာအပ်ပါသည်။ မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက်၊ အကွက်အမှတ် (၂၇)၊ ဦးပိုင်အမှတ် (၂၉)ဧရိယာ(၀.၀၈၃)ဧက၊ အိမ်အမှတ် (၇၇)မြေနှင့် အဆောက်အဦးမှာ ကျွန်တော့မိဘများ လက်ထက်ကပိုင်ဆိုင်ခဲ့ပါသည်။အထက်ဖော်ပြပါ အိမ်နှင့် ပိုင်းမြေမှာ အမွေခွဲဝေ ရခြင်း။ မရှိသေးပါသဖြင့် ကျွန်တော် ဦးကျော်ဇုမြင့်၏ အသိအလင်းသဘောတူကြေညာချက် မပါဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ပေးကမ်းခြင်း၊ လှူဒါန်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုပါရန် ( ၁၆.၆.၂၀၁၄) ရက်နေ့တွင် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတွင် ကန့်ကွက်ထားပြီး ဖြစ်ပါကြောင်းနှင့် အများသိစေရန် ထပ်ဆင့်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
ဦးကျော်ဇုမြင့်
၁/မကန(နည်) ၀၀၀၉၈၄

**လွှဲအပ်ညွှန်ကြားချက်အရ**
ဦးကျော်စွာထက် (စဥ်-၃၃၂၀၂)
အထက်တန်းရှေ့နေ၊
နရက (၁၆) နတ်ရေကန်ရွာ၊အမရပူရမြို့နယ်၊ မန္တလေးမြို့။

# ပြင်ဆင်ဖတ်ရှုပါရန်

**မြစ်ကြီးနားသတင်းဂျာနယ်၊ အတွဲ(၅)၊ အမှတ်(၁၀)၊ စာမျက်နှာ (၄)ပါ ဖော်ပြထားသော"KBC သင်းလုံးကျွတ်ဓမ္မအစည်းအဝေးကို ပြည်တွင်း/ပြည်ပမှ ယုံကြည်သူငါးသောင်းကျော်ဖြင့် ကျင်းပမည်" သတင်းတွင် "ပွဲမြစ်မြောက်ရေးကော်မတီမှ ဥက္ကဋ္ဌသင်းအုပ်ဆရာကြီး ဦးခန်းဒါဘရန်ကျောင်" အမည်ကို " ပွဲမြစ်မြောက်ရေးကော်မတီမှ ဥက္ကဋ္ဌသင်းအုပ်ဆရာကြီးဦးခန်းနူဘရန်ကျောင်"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။**

# Manaw Empire Public Co.Ltd မှ
# အောက်ပါဝန်ထမ်းများ အလိုရှိသည်

- အမှတ်စဉ်(၁) - ရေသန့်စက်ရုံမန်နေဂျာ ကျား (၁)ဦး၊ လစာ (၂၀၀၀၀၀-၅၀၀၀၀၀) အတွင်း (အသက် ၂၅ နှစ်အထက် ဘွဲ့ရဖြစ်ပြီး ရေသန့်လုပ်ငန်းနှင့် စက်ရုံလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်)။
- အမှတ်စဉ်(၂) - Accounting မ (၂)ဦး၊ လစာ (၂၀၀၀၀၀-၄၀၀၀၀၀) အတွင်း (LCCI Level-2 နှင့်အထက်၊ Computer Accounting အတွေ့အကြုံရှိသူ၊ ဒေသခံဖြစ်သူနှင့် လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- အမှတ်စဉ်(၃) - စာရေးမ (၂)ဦး၊ လစာ (၁၀၀၀၀၀-၂၅၀၀၀၀) အတွင်း အထက်တန်းအောင်မြင်သူ၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- အမှတ်စဉ်(၄) - လျှပ်စစ်လုပ်သား ကျား (၃)ဦး၊ လစာ (၁၅၀၀၀၀-၃၀၀၀၀၀) အတွင်း အထက်တန်းအောင်မြင်သူ၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- အမှတ်စဉ် (၅) - စက်ရုံလုပ်သား ကျား (၈)ဦး၊ မ (၂၀)ဦး၊ လစာ (၆၀၀၀၀-၂၀၀၀၀၀)အတွင်း (စက်ရုံအတွင်း နေထိုင်သူဖြစ်ရမည်)။
- အမှတ်စဉ် (၆) - မြန့်ဖြူးရေးလုပ်သား ကျား (၆)ဦး၊ လစာ (၈၀၀၀၀-၂၀၀၀၀၀) အတွင်း ဒေသခံဦးစားပေးမည်။
- အမှတ်စဉ် (၇) - စက်ရုံလုံခြုံရေးဝန်ထမ်း ကျား (၁)ဦး၊ လစာ (၂၀၀၀၀၀-၃၀၀၀၀၀) အတွင်း အသက် (၄၀)နှစ်နှင့်အထက်ဖြစ်၍ ကျန်းမာသန်စွမ်းပြီး ကိုယ်ခံပညာတတ်ကျွမ်းသူ ဦးစားပေးမည်။
- အမှတ်စဉ် (၈) - ယာဉ်မောင်းကျွမ်းကျင်သူ ကျား (၂)ဦး၊ လစာ (၁၅၀၀၀၀-၃၀၀၀၀၀) အတွင်း ယာဉ်မောင်းလိုင်စင်ရှိပြီး ကားကြီးအတွေ့အကြုံရှိရမည်။
- အမှတ်စဉ် (၉) - စားဖိုဆောင်အမျိုးသမီး (၂)ဦး၊ လစာ (၆၀၀၀၀-၂၀၀၀၀၀)။

အထက်ပါအမှတ်စဉ် (၁) နှင့် (၇)မှလွဲ၍ ကျန်အမှတ်စဉ်အတွက် အိမ်ထောင်မရှိ လူလွတ်ဖြစ်ရမည်။
အမှတ်စဉ် (၁)၊ (၄)၊ (၅)၊ (၇)၊ (၈) နှင့် (၉)တို့သည် စက်ရုံအတွင်း နေထိုင်သူဖြစ်ရမည်။
နေစားစရိတ်စီစဉ်ပေးမည်။
အမှတ်စဉ် (၁)၊ (၂) နှင့် (၄) အတွက် (၂၆.၂.၂၀၁၈) နောက်ဆုံးထားလျှောက်ထားရန်။
ကျန်အမှတ်စဉ်များအတွက် (၂၆.၃.၂၀၁၈) နောက်ဆုံးလျှောက်ထားနိုင်ပါသည်။

**လျှောက်လွှာများကို ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။**

နေရာ - ယုဇနဈေးအနောက်ဘက်၊ အမှတ် (၂၆)၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
ဖုန်း - ၀၉၂၆၂၀၂၇၀၈၈, ၀၉၇၇၃၃၃၉၈၀၀
အသေးစိတ်စုံစမ်းရန် - ၀၉၄၀၁၅၅၃၅၀၁၄/ Email; manawempire@gmail.com

## KBZ Air Line (Daily)

| Yangon | Mandalay | Myitkyina | Mandalay | Yangon |
|---|---|---|---|---|
| 13:00 | 14:00 | 16:00 | 17:30 | 18:55 |

## Myanmar National Airlines (Daily)

| Myitkyina - Yangon | |
|---|---|
| ထွက်ချိန် | 4:25 |
| ရောက်ချိန် | ------- |

| Myitkyina - Potao | |
|---|---|
| ထွက်ချိန် | 10:00 |
| ရောက်ချိန် | ------- |

| Myitkyina - Banmaw | |
|---|---|
| ထွက်ချိန် | 12:45 |
| ရောက်ချိန် | ------- |

# ဝန်ထမ်းအလိုရှိသည်

**Allianz**
Admin - မ (၁)ဦး
Marketing - ကျား၊မ (၁)ဦး
Technical support - ကျား(၁)ဦး
Office helper - ကျား(၁)ဦး
၀၉ - ၄၄၀၀၀၂၂၇၆

ကျား(၁)ဦး
ဆက်သွယ်ရန်ဖုန်း -
၀၉ ၄၂၀၅၉၇၇၄၄၂၊
၀၉ ၇၆၇၀၇၅၆၀၆
အသက် ၁၈ နှစ်အထက် ဖြစ်ရမည်။

**Dear Wedding Photo Studio**
ဝန်ထမ်းအလိုရှိသည်

**Amazing View**
အမျိုးသမီးဝန်ထမ်း အလိုရှိသည်။

**ယူနိုက်တက် ဟိုတယ်**
ဝိတ်တာ
ကျား(၁) ဦး၊ မ(၁)ဦး
Breakfast အကူ မ (၁)ဦး

**မြစ်ဆုံဟိုတယ်**
တရုတ်စကားပြောကျွမ်းကျင်သူ အမျိုးသားယာဉ်မောင်း (၃)ဦး အလိုရှိသည်။
၀၉-၇၇၆၀၂၉၄၅၆ယ
၀၉၇၆၉၀၂၉၄၅၆

**ဟာဝိုင်ယီ အအေးဆိုင်**
စားပွဲထိုး (၂) ဦး
ပန်းကန်ဆေး (၁) ဦး

**ဥမ္မာဇိနပ်ဆိုင်**
အရောင်းစာရေးမ (၁)ဦး

**Grace Beauty Spa**
ဝန်ထမ်း မ (၁) ဦးအလိုရှိသည်။
၀၉-၇၇၄၇၇၀၆၅၀၀

**Wun Tawp Motel**
ကျား(၁)ဦး၊ မ(၁)ဦး
မှတ်ချက် - လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

**Hotel Madira**
Receptionist (1) post
(Fluent in chinese language)
Bartender (1)post
Waiter(F&B) (1)post

**မြေမြင့်အငေါင်ဆိုင်**
စာရေးမ (၁)ဦး

□ **အလုပ်အကိုင်ရှာဖွေနေသူများ၊ မြစ်ကြီးနားသတင်းဂျာနယ်သို့ လာရောက်ဆက်သွယ်ပေးမြန်းနိုင်ပါသည်။**

# ဆေးရုံဖုန်းနံပါတ်များ

**(၁) အထွေထွေပြည်သူ့ဆေးရုံကြီး၊**
Ph - 074-22303 (ဆေးရုံအုပ်ကြီး)

**(၂) ဒေါ၊သုဒ**
(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 074 23752,/ 23757/ 23758/ 23759/ 20632,
09 793805866, 0979195573

**(၃) မလိခ္ခပ်**
(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 074 28298, 074 21802, 074 21113

**(၄) သင်း၊သုဒ**
(အထွေထွေရောဂါကုဆေးရုံ)
အ. ထ. က(၂)ရှေ့၊ ပေါက်ကုန်းရပ်၊ ပန်းမော်မြို့
Ph - 074 50579, 09 47018065

**(၅) မြတ်မွန်အဆင့်မြင့်ဆေးရုံ**
(ရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်း)
Ph - 074 23257/ 20533/ 21593, 09 24010034, 09 2401035

# Airport Taxi
## ဖုန်းနံပတ်များ

(၁) ကိုစိုးသိန်း
၀၉ ၄၀၀၀၂၄၇၇၉

(၂) ကိုစိုး
၀၉ ၄၀၀၀၈၃၈၀

(၃) ကိုစိုင်းကို
၀၉ ၄၅၀၅၄၆၂၆၈၆
၀၉ ၇၉၀၄၇၇၇၀၅

(၄) ကိုပြုံးချို
၀၉ ၇၈၄၇၈၇၇၉

(၅) ကိုလွင်ဦး
၀၉ ၅၄၀၄၀၂၉

(၆) ကိုအောင်ဆွေ
၀၉ ၄၄၄၀၃၀၄၉၃

(၇) ကိုလှထွန်း
၀၉ ၂၅၆၄၅၅၂၂၆

မြစ်ကြီးနားသတင်းဂျာနယ်
(မတ် ၂၃ - မတ် ၂၉၊ ၂၀၁၈)

# ဒုက္ခသည်ဘဝမှ လူကုန်ကူးခံဘ

မြန်မာနိုင်ငံ၏ အရှေ့မြောက်ဘက်ဒေသတွင် အစိုးရနှင့် KIA တို့အကြား စစ်ပွဲများ ပြန်လည်ဖြစ်ပွားလာခဲ့သည်မှာ ၇ နှစ်မျှပင်ကြာမြင့်ခဲ့ပေပြီ။ အမျိုးသမီးများမှာ တရုတ်ပြည်သို့ လူကုန်ကူးခံကြရပြီး အဓမ္မလက်ထပ်ပေါင်းသင်းခံနေကြရသည်။

**ဘောက်ဆန်၊**
**ဂျယ်ယန်းဒုက္ခသည်စခန်း၊**
**(လူကုန်ကူးခံရသူ)**



အသက် ၂၄ နှစ် အရွယ်မျှသာရှိသေးသော "ဘောက်ဆန်"သည် ဝရဲခန်းမှလွတ်မြောက်လာခဲ့ပြီ ဖြစ်သည်။

သူမ၏မျက်ရည်များကပါးပြင်ပေါ်သို့ လိမ့်ဆင်းလာကြသည်။ ခေါင်းကိုလှည့်၍ ဘယ်ကြည့်ညာကြည့်လုပ်နေပုံမှာ သူ၏အမှတ်ရစရာဖြစ်ရပ်များကို ပြန်လည်ရှာဖွေနေသကဲ့သို့ ရှိသည်။ သူ စကားပြောရန် လိုအပ်နေပေပြီ။

လွန်ခဲ့သည့် ၆ နှစ်ခန့်က တရုတ်နိုင်ငံ ကျေးလက်ဒေသတစ်နေရာရှိ အိမ်တစ်လုံး၏ နံရံလေးဘက်နောက်တွင် "ဘောက်ဆန်" အကျဉ်းကျခံခဲ့ရသည်။ လူကိုရောင်းစားခံခဲ့ရသည့်အပြင် အရိုက်နှက်ခံ၊ အဓမ္မအကျင့်ခံ၊ နှိပ်စက်ခံခဲ့ရသေးသည်။ သာမန်တောင်သူလယ်သမားမိဘနှစ်ပါး၏ သမီးဖြစ်သူ ဘောက်ဆန်သည် တရုတ်နိုင်ငံနယ်စပ်အနီးရှိ ဇာတိကျေးရွာနန်းဟုန်မှ လွန်ခဲ့သည့် ၇ နှစ်ကပင် ထွက်ခွာရန် အကြောင်းဖန်လာခဲ့ရသည်။ မြန်မာစစ်တပ်မှ စစ်သည်များ ဘောက်ဆန်တို့ဒေသသို့ ရောက်ရှိလာပြီးနောက် ဒေသခံများထိတ်လန့်စိုးရိမ်ကာ နေရပ်စွန့်ခွာရန် အကြောင်းဖန်လာခြင်းဖြစ်သည်။မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းဒေသရှိ ကချင်ပြည်နယ်တွင် အစိုးရတပ်ဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပိုမိုကျယ်ပြန့်စွာ တောင်းခံကြသော လက်နက်ကိုင် သူပုန်တို့အကြား တိုက်ပွဲများ ထူပြောလာခဲ့သည်မှာ ဆယ်စုနှစ်များစွာကပင် ဖြစ်သည်။

ကချင်ပြည်နယ် သယံဇာတပေါကြွယ်ဝမှုကို ခွဲဝေရယူကြလိုခြင်းကလည်း ထိုစစ်ပွဲများ၏ လောင်းကြေးတစ်ရပ်ပင်ဖြစ်သည်။ ဒေသအတွင်းပေါများလှသည့် ကျောက်စိမ်းတွင်းများနှင့် ဘိန်းခင်းများကတရုတ်ပြည်နှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းကောင်းများဖြစ်သဖြင့် ယင်းတို့ကို ထိန်းချုပ်ခွင့်ရယူလိုခြင်းသည်လည်း နှစ်ဘက်တပ်ဖွဲ့များအကြား ပဋိပက္ခများ ဖြစ်ပွားနေကြရသည့် အဓိကအကြောင်းရင်းတစ်ရပ်ပင် ဖြစ်နေနိုင်ပေသည်။ ၂၀၁၁ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ကျိုးပျက်ခဲ့ပြီးနောက် ဒေသတွင်းတိုက်ပွဲများ အရှိန်အဟုန် ပိုမိုမြင့်တက်လာခဲ့သည်။ ထိုနှစ်က အသက် ၁၇ နှစ်အရွယ်ရှိ ဘောက်ဆန်သည် လိုင်ဇာရှိ နေရပ်စွန့်ခွာထွက်ပြေးသူများနေထိုင်ရာ IDP စခန်းမှ မိသားစုထံသွားရောက်နေထိုင်ခဲ့သည်။ လိုင်ဇာသည် KIA ဌာနချုပ်ရုံးစိုက်ရာမြို့ဖြစ်ပြီး စစ်ဆေးရေးဂိတ်တစ်ခုတည်းဖြင့်သာ ပိုင်းခြားထားသော တရုတ်-မြန်မာနယ်စပ်တွင် တည်ရှိသည်။

"ကျွန်မမိဘတွေက အရမ်းဆင်းရဲတယ်။ အဲဒီစခန်းတွေမှာကလုပ်ရဖို့ကလည်း သိပ်ပြီးခက်ခဲတယ်လေ။ စခန်းကို ကျွန်မရောက်လာစမှာပဲ လူတစ်ယောက်က ကျွန်မကိုလာပြောတယ်။ တရုတ်ပြည်မှာ ကျွန်မအတွက် အလုပ်တစ်ခုရှိတယ်ပေါ့"။ ဘောက်ဆန်က ပြန်ပြောပြလာသည်။ "ဒါက ကျွန်မအတွက်တော့ မိသားစုကိုအထောက်အကူပြုပေးနိုင်တယ်။ အခွင့်အရေးတစ်ရပ်ပါပဲ။

များစွာသောလိုင်ဇာဒေသခံတို့သည် လုပ်ခလစာ ပိုမိုကောင်းမွန်သော တရုတ်ပြည်တွင်နေထိုင်ရန် စိတ်ကူးယဉ်ကာ သွားရောက်ကြလေ့ရှိသည်။မိန်းမငယ်လေးကသံသယ တစ်ခွန်းတစ်စပင် မရှိဘဲ၊ လူစိမ်းတစ်ယောက်နှင့်အတူ သူ၏ကံကြမ္မာကို စမ်းသပ်ရန် ဆုံးဖြတ်လိုက်သည်။ "လမ်းတစ်နေရာမှာ စွပ်ပြုတ်သောက်ရအောင်လို့ စားသောက်ဆိုင်တစ်ဆိုင်ကို ကျွန်မတို့ဝင်ကြတယ်။စွပ်ပြုတ်ခွက်က စားပွဲပေါ်မှာ အဆင်သင့်ရောက်နေနှင့်တယ်။ အဲဒီမှာ ကျွန်မသံသယဝင်မိဖို့ ကောင်းပေမယ့် အဲဒီအချိန်မှာတော့ လုံးဝကို သတိမထားမိခဲ့တာပါ။" ထို့နောက် ဘောက်ဆန်တစ်ယောက် အာကာသတွင်းနက်ကြီးထဲသို့ ကျရောက်သွားတော့သည်။ဘောက်ဆန်ဆေးခတ်ခံရပြီဖြစ်သည်။ အိပ်ရာမှနိုးလာချိန်တွင် ခရီးသည်တစ်ဦးနှင့်အတူ ကားတစ်စီးပေါ်တွင် ထိုင်လျှက်ပါလာသည့် ကိုယ့်ကိုယ်ကိုယ် ဘောက်ဆန်မြင်တွေ့မိသည်။ "ကျွန်မငိုတော့တာပဲ။ ကျွန်မမှာ ဘာဆိုဘာမှကို မကျန်ရစ်တာ။ သူက ကျွန်မရဲ့စာရွက်စာတမ်းအထောက်အထားတွေရော၊ ဖုန်းကိုပါခိုးသွားတာလေ။တကယ့်အိပ်မက်ဆိုးကြီးပါပဲ။"

မော်တော်ယာဉ်ခရီးက ရှစ်နာရီကြာမြင့်သည်။ တရုတ်ပြည်သို့ရောက်သည်တွင် အမျိုးသမီးတစ်ဦးက ဘောက်ဆန်အား တရုတ်အမျိုးသမီးငယ်တစ်ဦးနေထိုင်သည့် အိမ်ဆီသို့ခေါ်ဆောင်သွားခဲ့သည်။ ထိုအမျိုးသမီးက ဘာမှမသိ။ ဘောက်ဆန်နားလည်သည်က သူ့ကိုရောင်းစားထားခဲ့ပြီ ဆိုခြင်းပင်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သော ကိန်းဂဏန်းများအရ ၂၀၀၆ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်းလူကုန်ကူးခံရသူပေါင်း ၃၄၈၉ ဦးကို ကယ်တင်ခဲ့ရကြောင်း သိရှိရသည်။ ယင်းတို့အနက် အများစုမှာ အဓမ္မလက်ထပ်ရန် ရောင်းစားခံရခြင်းဖြစ်သည်။ အခြားသူတို့မှာ ပြည့်တန်ဆာအဖြစ် ရောင်းစားခံကြရခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးတစ်ဦး၏ ဈေးနှုန်းမှာ အသက်အရွယ်နှင့် ခန္ဓာကိုယ်ဖွဲ့စည်းပုံအလိုက် တရုတ်ယွမ်ငွေ၆၀၀၀၊ ၄၀၀၀၀ (မြန်မာငွေ သိန်း ၁၀၀ မှ ၅၀၀ )အထိ ရှိသည်။ ထိုသို့ရောင်းစားခံရသူတို့၏ လေးပုံတစ်ပုံခန့်မှာ အသက် ၁၈ နှစ်အောက်အရွယ်များ ဖြစ်ကြသည်။

သို့ရာတွင် ကချင်အမျိုးသမီးများအဖွဲ့ (Kachin Women's Association)၏ အထွေထွေအတွင်းအရေးမှူးဖြစ်သူ 'ခေါန်ရှောင်'ကမူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကထုတ်ပြန်သော ကိန်းဂဏန်းများမှာ အဖြစ်မှန်ကိုထင်ဟပ်ခြင်းမရှိဟု ဆိုလာသည်။ "အဲဒီလိုရောင်းစားခံရတဲ့ လူတွေအများကြီး ရှိသေးတယ်။ ကံမကောင်းချင်တော့ အမျိုးသမီးအတော်များများက ဘယ်သူဘယ်ဝါမှန်း မသိကြရဘူး။ သူတို့မိသားစုတွေကလည်း အဲဒီအကြောင်းမပြောချင်ကြဘူး။ ဒါမျိုးကိစ္စကို သူတို့က ရှက်စရာလို့ထင်ကြတာ။ နှစ်တိုင်းနှစ်တိုင်း ကျွန်မတို့တွေ ပညာပေးလှုံ့ဆော်မှုတွေ လုပ်ပေးနေပေမယ့်လည်း တရုတ်ပြည်ဘက်ကိုကူးတဲ့နှုန်းထား တိုးလာနေတယ်။

ကချင်အမျိုးသမီးများအဖွဲ့သည် ကချင်လက်နက်ကိုင်အဖွဲ့၏ လက်အောက်ခံအဖွဲ့ခွဲတစ်ခုဖြစ်ပြီး ၁၉၇၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထိုအဖွဲ့က လူကုန်ကူးမှုတိုက်ဖျက်ရေးအစီအစဉ်တစ်ရပ်ရေးဆွဲဆောင်ရွက်နေခြင်းဖြစ်သည်။ "ကျွန်မတို့က စာသင်ကျောင်းတွေဆီသွားပြီး ပညာပေးလှုံ့ဆော်မှုတွေ လုပ်တယ်တယ်။ လက်ကမ်းစာစောင်တွေ ဝေတယ်။ ရေဒီယိုကနေလည်း လူကုန်ကူးမှုအန္တရာယ်အကြောင်း သတင်းစကားပါးပေးတယ်။ ခေါန်ရှောင်က ဆက်ပြောလာသည်။ "ဒါပေမယ့် ဒေသခံတွေက ပညာမတတ်ကြတာများတော့ ကျွန်မတို့ပေးပို့တဲ့ သတင်းစကားတွေအပေါ်မှာ တုန့်ပြန်မှုတွေ အရမ်းနည်းပါးတယ်"။

## ဥပဒေတွေကို ပြောင်းလဲပစ်ဖို့ခက်တယ်

ထိုပြဿနာကား နိုင်ငံရေးအခြေအနေပေါ်တွင်လည်း အခြေပြုသည်။ ၂၀၁၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံအား လူကုန်ကူးမှုတိုက်ဖျက်ရေးကို တင်းကြပ်စွာ ဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံများအဖြစ် အမည်ပျက်စာရင်းသွင်းထားခြင်းမှ ပယ်ဖျက်ပေးခဲ့သည်။ သို့ရာတွင် လက်တွေ့တွင်မူ အခြေအနေက ရှုပ်ထွေးဆဲရှိသည်။ လူကုန်ကူးမှု တိုက်ဖျက်ရေးဥပဒေတစ်ရပ်ကို ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ဥပဒေချိုးဖောက်သူတို့ကို ကြီးလေးသောပြစ်ဒဏ်များ ချမှတ်မည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည့်တိုင်တရားရုံးသို့ စွဲဆိုတင်ပို့နိုင်သော လူကုန်ကူးမှုအရေအတွက်က နည်းပါးလွန်းလှသည်။



လူကုန်ကူးသူဟု ယူဆခံရသော လရှီးဆန်ရာကို မိုင်ဂျာယန်အချုပ်ခန်းတွင် တွေ့ရစဉ်

"ဥပဒေစာသားတွေကိုပြင်ဖို့က ခက်တယ်" ခေါန်ရှောင်ကဆိုလာသည်။ "ကျွန်မတို့အနေနဲ့က အစိုးရသုံးရပ်နဲ့ ရင်ဆိုင်နေရတာပါ။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ ရန်ကုန်က ပဟိုအစိုးရပါ။ သူတို့နဲ့ကျတော့ ကျွန်မတို့ ညှိညှိနှိုင်းနှိုင်းလုပ်ရတယ်။ ကချင်ပြည်နယ်အစိုးရနဲ့ကျတော့ ကျွန်မတို့ ပူးပေါင်းဆောင်ရွက်ရတယ်။ ပြီးတော့ တရုတ်အစိုးရပေါ့။ လူကုန်ကူးခံရတဲ့လူတွေကို ရှာဖွေဖော်ထုတ်ဖို့အတွက် တရုတ်ရဲတပ်ဖွဲ့နဲ့ ကျွန်မတို့အဖွဲ့လက်တွဲပြီး တကယ်အလုပ်လုပ်ရတဲ့အခါမျိုးမှာ ရန်ကုန်ကပဟိုအစိုးရနဲ့ ဆက်ဆံရေးတွေဟာ ပိုပြီးတော့ ရှုပ်ထွေးတတ်ပါတယ်"။

**မိုင်ဂျာယန်အချုပ်ခန်း။**
**မလရှီးဆန်ရာ**
**လူကုန်ကူးသည်ဟု မှုဆရသူ**

အခြားသော နယ်စပ်မြို့တစ်မြို့ဖြစ်သည်။ မိုင်ဂျာယန်တွင် လရှီးဆန်ရာသည် အချုပ်ခန်းကျဉ်းလေးတစ်ခုအတွင်း အခြားသောအမျိုးသမီးများနှင့်အတူ နေရသည်။ သူသည်



မိုင်ဂျာယန်အချုပ်ခန်း

အက် ၂၃ နှစ်မျှသာရှိသေးပြီး ရုံးတင်စစ်ဆေးမှုခံယူရန် အချုပ်ခန်းအတွင်းမှ စောင့်ဆိုင်းနေသည်မှာ ကိုးလမျှရှိနေပြီဖြစ်သည်။ သူ၏ အမှုကြောင်းကလည်း ရှုပ်ထွေးသည်။ "ကျွန်မကို လူမှောင်ခိုထုတ်မှုမှာ ပတ်

# သို့

ရာပြည့်တာလာပြန်၊
By Emilie Lopes GRAZIA (ပြင်သစ်မဂ္ဂဇင်း)
Photo by SengMai Maran







တရုတ်ပြည်နယ်စပ် မိုင်ဂျာယန်မြို့

သက်နေတယ်လို့ သူတို့ကစွပ်စွဲကြတာပဲ။ ဒါပေမယ့် ကျွန်မက အမျိုးသမီးနှစ်ယောက်ကို အာမခံပေးရုံပဲရှိတာ။ အဲဒီထဲကတစ်ယောက်က မင်္ဂလာ



ဆောင်ဖို့ရာ သဘောတူတယ်လေ။ ကျွန်မ ဘာမှအပြစ်လုပ်ခဲ့တာ မရှိဘူး"။ သူက သူ့ကိုယ်သူကာကွယ်ပြောကြားလာသည်။ လူမှောင်ခိုထုတ်သူများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အကူအညီပေးခဲ့သဖြင့် အမျိုးသမီးနှစ်ယောက်စာအတွက် တရုတ်ယွမ်ငွေ ၃၅၀၀ ကို သူ လက်ခံရရှိခဲ့သည်။ ကြံ့စိုက်ခင်းတွင် အလုပ်ကြမ်းမျိုးစုံလုပ်ရ သို့တည်းမဟုတ် အသားကင်ဆိုင်တွင်တစ်နေကုန်မတ်တပ်ရပ်အလုပ်လုပ်နိုင်ပါမှ တစ်လလျှင် ကျပ် ၁၀၀၀၀၀ မျှသာရရှိသော သူ၏ပျမ်းမျှလစာနှင့်နှိုင်းယှဉ်ပါက အဆများစွာ ကွာခြားလှသည်။

"ဒီအမျိုးသမီးက ထောင်နှစ်ရှည်ကျမှာ"။ အချုပ်ခန်းစောင့်ဘရန်နူးက ပြောပြလာခြင်းဖြစ်သည်။

**ဂျယ်ယန်း၊ ဒုက္ခသည်စခန်း။ အဥ္စူမရန် (စိတ်ဝေဒနာရှင်) လူကုန်ကူးခံရသူ**

"အဥ္စူမရန်"၏ မိခင်ဖြစ်သူက သမီးနှင့်အတူနေထိုင်သော IDP စခန်းတစ်ခုမှ တဲငယ်တစ်ခုအတွင်း ထိုင်နေရင်းထုတ်ဖော်ပြောကြားလာသည်။ "ကျွန်မသမီးက စိတ်ရောဂါသည်လေ။ လူမှောင်ခိုထုတ်တဲ့လူတွေက သူ့ကိုအမွေကျင့်ဖို့ အခွင့်အရေးယူခဲ့တဲ့အပြင် သူတို့နောက်လိုက်ပြီး အလုပ်လုပ်ဖို့လည်း အယုံသွင်းခဲ့ကြတာ။ သူ့ကို ရောင်းစားသွားတဲ့လူက ကျွန်မရဲ့အိမ်နီးချင်းတစ်ယောက်ပဲ။ ကျွန်မအိမ်ရှေ့တင်နေတာ။ ဒီလူဟာ ကျွန်မသမီးလေးကို ဘယ်လိုစိတ်နဲ့များ ဒီလိုလုပ်ရက်သလဲ။ စဉ်းစားလို့ကိုမရဘူး။ ဒီကိစ္စကို ရက်ပိုင်းလောက်ကြာမှ သိခဲ့ရတာ။ ကချင်အမျိုးသမီးများအဖွဲ့ကို ကျေးဇူးတင်ပါတယ်။ သူတို့တွေက တရုတ်ရဲနဲ့ ဆက်သွယ်ပေးလို့။ ဒါပေမယ့် လူမှောင်ခိုထုတ်တဲ့လူတွေကတော့ ဘယ်သူမှအရေးယူမခံရဘူးလေ"။

**ဖွမ်လုံယန် ဒုက္ခသည်စခန်း။ အွန်ပု(လူကုန်ကူးခံရသူ)**

ကျွန်မယောက်ျား ဘိန်းစွဲနေတာပါ

ထိုသို့သော မိသားစုတို့၏ စီးပွားရေးအခြေအနေမှာနိမ့်ကျလှသဖြင့် မိဘအများအပြားက ငွေကြေးတန်ဖိုးအနည်းငယ်မျှနှင့်ပင် သူတို့၏ကလေးငယ်များကို ရောင်းချရန် သဘောတူညီတတ်ကြသည်။ 'အွန်ပု' သည် အသက် ၁၅ နှစ်အရွယ်မှာပင်ဦးလေးဖြစ်သူက တရုတ်ပြည်သို့ ခေါ်ဆောင်သွားပြီး အမွေထိမ်းမြားလက်ထပ်ပေးခြင်း ခံခဲ့ရသည်။ မိသားစုအသစ်သို့ ရောက်သည်နှင့် အဆင်ပြေအောင် မနေနိုင်ပါက အခြားသူများထံ ရောင်းချခံရမည်ဖြစ်ကြောင်း အွန်ပုကို ပြောလာခဲ့ကြသည်။ "ကျွန်မယောက်ျားက ဘိန်းစွဲနေတာပါ။ ကျွန်မကို ရိုက်လည်းရိုက်တယ်။ သူနဲ့ ကလေး ၂ ယောက်ရခဲ့တယ်။ အဲဒီကထွက်လာတော့ တစ်ယောက်ထားခဲ့ရတယ်။ ကျွန်မမှာ ရွေးစရာလည်း မရှိဘူးလေ"။ ယနေ့အချိန်တွင်မူ အွန်ပုသည် ကချင်ပြည်နယ်မှ စခန်းတစ်ခုအတွင်း လုံခြုံဘေးကင်းစွာ နေထိုင်လျှက်ရှိပြီး တစ်စုံတစ်ယောက်ကို ထိတ်လန့်သံသယပွားနေခြင်းမျိုးလည်း မရှိတော့ပေ။ အွန်ပုသည် သူနေထိုင်ရာစခန်းတွင်ပင် အိမ်ထောင်အသစ်ထပ်ပြုခဲ့သည်။

**ဘောက်ဆန် ရဲခန်းမှလွတ်မြောက်ခြင်း၊**

ဘောက်ဆန်သည်လည်း သူ၏ လွတ်မြောက်ရေးခရီးအတွင်း သူ့ဘဝ၏အစိတ်အပိုင်းအချို့ကို ချန်ထားရစ်ခဲ့ရသည်။ သူက အဖြစ်အပျက်အချို့ကို ပြန်လည် အမှတ်ရနေသည်။ လွန်စွာ တုန်လှုပ်ထိတ်လန့်ဖွယ်ရာဖြစ်ရပ်ပင်။ "ကျွန်မယောက်ျားက သိပ်ပြီးကျပ်မ



ပြည့်ဘူး။ သူက ကလေးလည်း မရနိုင်ဘူး။ အဲဒါနဲ့ သူ့အဖေက သူ့အမေရှေ့မှာပင် ကျွန်မကို အမွေကျင့်တယ်။ ဒီလိုနဲ့ ကျွန်မကိုယ်ဝန်ဆောင်ခဲ့ရတာ။ ကိုယ်ဝန်လည်းရရော ဘယ်သူကမှ ကျွန်မကို ဂရုမစိုက်ကြဘူး။ ကလေးမျက်နှာမြင်တဲ့အခါကျတော့ သူတို့ အစစအရာရာ လုပ်ကိုင်ပေးနေတာနဲ့ ကျွန်မကလေးက ကျွန်မကိုတောင် မကပ်တော့ဘူး"။ နောက်ထပ်အဖြစ်အပျက်တစ်ရပ်ကို သူက ထပ်ပြောပြန်သည်။ "ကျွန်မမှတ်မိနေသေးတယ်။ တစ်ရက်ညဘက် အရမ်းအေးနေတဲ့အချိန်မှာ ကျွန်မယောက်ျားရဲ့အမေက ကျွန်မတို့အခန်းကို ရောက်လာတယ်။ ကျွန်မကိုယ်ပေါ်က စောင်ကိုဆွဲဖယ်ပြီး လူကိုကုတင်ပေါ်ကဆွဲချ၊ အဝတ်အစားတွေ ဆွဲချွတ်ပစ်တယ်။ ပြီးတော့ ရေအေးတွေနဲ့ ကျွန်မကိုယ်ပေါ် လောင်းချတော့တာလေ"။

ဘောက်ဆန်သည် နေအိမ်တွင် တစ်ယောက်တည်းကျန်ရှိနေသည့်အချိန်များ၌ မြန်မာနိုင်ငံအတွင်းမှ ဖုန်းနံပတ်များကို ကြံ့ရာကျပန်းဆက်သွယ်ကာ တစ်စုံတစ်ယောက်ကများ သူ့ကို လာရောက်ရှာဖွေလေမလားဆိုသည့် မျှော်လင့်ချက်ဖြင့် ခြောက်နှစ်တိုင်တိုင်ကြိုးစား၍ လွတ်မြောက်ရာလမ်းကို ရှာဖွေခဲ့သည်။ "ကျွန်မလည်း ဖြစ်နိုင်ချေရှိတဲ့ ဖုန်းနံပတ်မှန်သမျှ အကုန်လျှောက်ခေါ်ကြည့်တာပဲ။ "ဘောက်ဆန်သည် အဆုံးတွင် သူ့မိသားစုနှင့် ပြန်လည်ဆက်သွယ်နိုင်ရေးအကူအညီပေးမည့် ကချင်အမျိုးသမီးတစ်ဦးနှင့် အဆက်အသွယ်ရခဲ့သည်။ "ကျွန်မမိဘတွေဆီကို တိုက်ရိုက်မဆက်ချင်ဘူးလေ။ သူတို့ ကျွန်မသေသွားပြီမှတ်နေတာ။ အသက်အရွယ်တွေကလည်း ကြီးနေပြီဆိုတော့ သူတို့ကိုတန်းဆက်လိုက်ရင် အရမ်းလန့်သွားကြမှာစိုးတယ်။ ကျွန်မတောင့်ခံနေနိုင်တာက နေ့တိုင်းနေ့တိုင်းဘုရားမှာ ဆုတောင်းနေလို့ပဲ။ သူများတိုင်းပြည်မှာ မသေရအောင်လို့။ ကျွန်မကို ခွန်အားတွေပေးသနားဖို့ ဘုရားဆီမှာ ကျွန်မဆုတောင်းခဲ့တယ်"။ သူနှင့်အဆက်အသွယ်ရရှိခဲ့သော အမျိုးသမီးက ဘောက်ဆန်၏ဦးလေးများအနက်မှ တစ်ယောက်နှင့် အဆက်အသွယ်ရရှိလာခဲ့သည်။ ဘောက်ဆန်၏ဦးလေးက ကချင်အမျိုးသမီးများအဖွဲ့ကို ဆက်လက်၍သတင်းပေးပို့ဆက်သွယ်ခဲ့သည်။ လူသားချင်း စာနာထောက်ထားသူများက ဘောက်ဆန်ကို ခြေရာခံရှာဖွေပေးရန် တရုတ်ရဲအဖွဲ့အား တောင်းဆိုခဲ့သည်။

"ကျွန်မတို့တွေက တရုတ်ရဲတွေအကူအညီနဲ့ ထွက်ပြေးဖို့ စီစဉ်ထားတာ။ ဒါပေမယ့် သူတို့မိသားစုက ကျွန်မကိုမိသွားပြီး ရိုက်တော့တာပဲ။ အဲဒါနဲ့ တစ်ရက်မှာ ကျွန်မသားကို ကျောင်းသွားပို့တယ်။ အပြန်လမ်းမှာ ထွက်ပြေးဖို့ရာ ဆုံးဖြတ်လိုက်တယ်။ ကျွန်မအရမ်းကို ခြေကုန်သုတ်ပြေးရတာ။ ဒီလိုနဲ့ အဲဒီငရဲတွင်းထဲက ကျွန်မလွတ်လာတာပဲ။ အခုဆို ဒီစခန်းမှာ ဘာဘေးရန်မှမရှိဘူး။ ဒါပေမယ့် သားလေးကို တစ်ဘက်နိုင်ငံမှာ ထားခဲ့ရတာ ကျွန်မစိတ်ထိခိုက်ရတယ်။ သားလေးကို ပြန်သွားခေါ်ဖို့ ငွေလည်း အလုံအလောက်ရှိနေပြီ။ ဒါပေမယ့် သူ မရှိရင် ကျွန်မ မနေတတ်တော့ဘူး။ ကျွန်မ တောင်းပန်ပါတယ်။ သားလေးကို တွေ့အောင်ရှာပေးကြပါ။

ပြီးခဲ့သည့်သီတင်းပတ်များအတွင်း ကချင်ပြည်နယ်အတွင်း ကချင်ပြည်နယ်၌ တိုက်ပွဲများအရှိန်အဟုန် မြင့်မားလာခဲ့ပြန်သည်။ ရာနှင့်ချီသော ပြည်သူတို့သည် ယင်းတို့နေထိုင်ရာ ကျေးရွာကို စွန့်လွှတ်ထွက်ပြေးတိမ်းရှောင်ကြရပေလိမ့်ဦးမည်။ ■

# မြစ်ကြီးနားသတင်းဂျာနယ် ဓါတ်ပုံသတင်း

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊မိုင်းနားကျေးရွာရှိ ရွှေမိုးတောင်ပေါ်တွင် ဝန်းသိုဆရာတော်ကြီး ဦးစီးပဓာနတည်ထားသည့် ရဟန္တာတစ်ထောင်ရှင်ပင်မြတ်စွာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ထီးတော်တင်ပွဲတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး၊ တပ်မတော်မိသားစု၊ ကချင်ပြည်နယ် အစိုးရအဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။



ဓါတ်ပုံ - Salai



ဓါတ်ပုံ - Salai



ဓါတ်ပုံ - Salai



ဓါတ်ပုံ - Salai

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်
မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀ | နေ့စဉ်ပုံမှန် ၂ ကြိမ်
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀ | ပြေးဆွဲပေးနေပါသည်

မြစ်ကြီးနားမြို့တွင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ စနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်
ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ချားဈေး အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းဆိုင်နှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

၁၉၉၁ ခုနှစ်မှ စတင်တည်ထောင်ခဲ့သည့် မိုးညှင်းမြို့မှ ဆရာမျိုး(ပါရမီ) ဘော်ဒါဆောင်ကို ကိုယ်ပိုင်အထက်တန်းကျောင်း အဖြစ် မြစ်ကြီးနားမြို့တွင် ဖွင့်လှစ်ထားပါသည်။
ဆရာမျိုး ပါရမီ
၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်
(၂၈)နှစ်မြောက်
ဆရာမျိုး ပါရမီ ကိုယ်ပိုင်အထက်တန်းကျောင်းသည် ၂၀၁၆-၂၀၁၇ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်ချက်ရာခိုင်နှုန်း ၅၇.၆၂%၊ မြစ်ကြီးနားမြို့နယ်တစ်ခုလုံး တတိယ၊ ရရှိအောင်မြင်ခဲ့ပါသည်။
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါဆောင်
(၆) ဘာသာစုက်ထူးရှင်များ အပါအဝင် ဂုဏ်ထူးရှင်ပေါင်း (၃၀၀)ကျော်ကို ဂုဏ်ထူးထွက်အောင် လေ့ကျင့်ပေးခဲ့သည့် အတွေ့အကြုံ၊ ကချင်ပြည်နယ်၏မြို့ရွာဒေသ အသီးသီးမှ ကျောင်းသားပေါင်း (၃၀၀၀)ကျော်ကို (၁၀)တန်းစာမေးပွဲ အောင်မြင်အောင် လေ့ကျင့်သင်ကြားပေးခဲ့သည့် စာသင်သက် (၂၈)နှစ် အတွေ့အကြုံ .... စသည်... ရင့်ကျက်သော ပညာ၊ သမ္မာ၊ စေတနာ တို့ကြောင့်..(၈)တန်း မှ တက္ကသိုလ်ဝင်တန်းတိုင် အခြေခံခိုင်မာစွာဖြင့် အဆောင်၏ လေ့ကျင့်သင်ကြားမှုကို ခံယူသောကျောင်းသားတိုင်း ထူးထူးချွန်ချွန် အောင်မြင်ကြပါသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် တန်းခွဲအားလုံး ၂၀၁၈ မေ (၃)ရက်နေ့ စတင်သင်ကြားမည်။ ကျောင်းအပ်လက်ခံပြီ။ (၅)တန်းမှ (၁၀)တန်း အထိလက်ခံသည်။
အမှတ်-၁၂၊ ရှမ်းမျိုးနွယ်စု ဓမ္မာရုံလမ်းကြား၊ ဓမသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့။ ဖုန်း ▶ ၀၉-၄၄၀၁၄၃၃၉၄၊ ၀၉-၇၉၁၀၉၀၉၉၁၊ ၀၉-၄၇၀၀၉၉၁၉
DESIGN: MG MG CHO OO & ZAY THAW

# $4^{th}$ Miss Universe Myitkyina ဆုရှင်များ ပေါ်ထွက်လာ



အလှမယ်ရှိစလင်းဆိုင်းနူးနူးပန်မှ သရဖူလွှဲပြောင်းပေးနေစဉ်



Maran Entertainment မှ ကြီးမှူးကျင်းပသည့် $4^{th}$ Miss Universe Myitkyina ဆုရှင်များအား တွေ့ရစဉ် ဓါတ်ပုံ - Salai



Winner ဆုရှင် လင်းထက်ထက်ကျော်

မတ် ၁၉

မြစ်ကြီးနားမြို့ မနောင်ကွင်း မဂ္ဂျယ်ခန်းမတွင် မတ်လ ၁၉ ရက်ညက ကျင်းပခဲ့သော $4^{th}$ Miss Universe Myitkyina တွင် အလှမယ်လင်းထက်ထက်ကျော်က $4^{th}$ Miss Universe Myitkyina Winner ဆုကို ဆွတ်ခူးရရှိခဲ့သည်။

ညီမ သိပ်ပျော်ပါတယ်၊ ဒီဆုကိုရရှိမယ်လို့ မထင်ထားဘူး၊ ခုထက်ပိုပြီး မြစ်ကြီးနားမြို့ ဂုဏ်ဆောင်နိုင်တဲ့ အလှမယ် ဖြစ်အောင် ကြိုးစားသွားပါ့မယ်၊ ယုံကြည်စွာနဲ့ ဒီဆုကြီးကို ပေးအပ်ခဲ့လို့လည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ထို့အပြင် ဆုအဖြစ် Ok Silversmith မှ ချီးမြှင့်သည့် မနောဧကရီ ကျောက်စိမ်းသရဖူနှင့်အတူ တစ်နှစ်တာလစာခံစားခွင့်၊ May & Mark Jewellery မှချီးမြှင့်သော စိန်လက်စွပ်နှင့် Miss Universe Myanmar 2019 ပြိုင်ပွဲတွင် မြစ်ကြီးနားကိုယ်စားပြု အလှမယ်အဖြစ် ယှဉ်ပြိုင်ခွင့်၊ နာမည်ကြီးဒီဇိုင်နာများ၏ ဝတ်စုံများကို တစ်နှစ်တာ အခမဲ့ဝတ်ဆင်ခွင့်၊ မြင်ကွင်းမဂ္ဂဇင်းတွင် မျက်နှာဖုံးရှင်အဖြစ် ပါဝင်ခွင့်၊ Beauty Bar By Ja Noi Pan တွင် တစ်နှစ်တာ အခမဲ့ဆံကေသာ ထိန်းသိမ်းခွင့်နှင့် အသားအရေထိန်းသိမ်းခွင့်၊ Bankok International Dentist Centre တွင် သွားအလှပြုပြင်ခွင့်၊ ဘန်ကောက် အလည်အပတ်ခရီးစဉ်၊ Miss Universe Myanmar 2019 ပြိုင်ပွဲအတွင်း ရန်ကုန်မြို့ ရှိတိုက်ခန်းတွင် အခမဲ့နေထိုင်ခွင့်၊ Catwalk Training, Makeup Training, Personal Training တို့ အခမဲ့သင်ကြားခွင့်၊ Champion Institute တွင် အခမဲ့အင်္ဂလိပ်စာ သင်ကြားခွင့်၊ UFG GYM (Myitkyina) တွင် တစ်နှစ်တာအခမဲ့ကစားခွင့်၊ Real Fitness (yangon) တွင် တစ်နှစ်တာအခမဲ့ကစားခွင့်၊ Miss Universe Myitkyina Organizationနှင့်အတူ တစ်နှစ်တာအခမဲ့ခရီးသွားလာခွင့်တို့ကိုပါ အလှမယ်လင်းထက်ထက်ကျော်က ရရှိခဲ့သည်။



ရေကူးဝတ်စုံဖြင့် ပြိုင်ပွဲဝင်အလှမယ်များ ယှဉ်ပြိုင်နေပုံ ဓါတ်ပုံ - Salai



$1^{st}$ Runner Up ဆုရှင် မျိုးသီရိကို



$2^{nd}$ Runner Up ဆုရှင် ဌားမေရီ



$3^{rd}$ Runner Up ဆုရှင် ဆဂ္ဂျာဆိုင်းအိန်



$4^{th}$ Runner Up ဆုရှင် ခင်ခင်ဌေး

$1^{st}$ Runner Up ဆုရရှိသွားသော အလှမယ်မျိုးသီရိကိုက Miss Tourism and Culture Universe 2018 အလှမယ်ဆုကိုရရှိသွားပြီး Miss Universe Myitkyina နည်းတူ ကချင်ပြည်နယ်အတွက် အကျိုးပြုနိုင်သော အလှမယ်တစ်ဦး အဖြစ်ရပ်တည်သွားမည်ဖြစ်ကြောင်း မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အတိုင်းမသိ ဝမ်းသာပါတယ်၊ ခုလို Miss Tourism and Culture Univers 2018 တစ်ဦးဖြစ်ခွင့်ရရှိခဲ့တဲ့အတွက် ဒီထက်ပိုပြီးကြိုးစားသွားပါ့မယ်လို့ ကတိပေးပါတယ်။ ခု ရှေ့ဆက်လျှောက်လှမ်းမယ့် ခြေလှမ်းတိုင်းမှာလည်း ကချင်ပြည်နယ်သူပြည်နယ်သားတွေရဲ့အားပေးမှု အများကြီးလိုအပ်ပါတယ်၊ ညီမကို ဆက်လက်ပြီး ချစ်ပေးကြပါလို့ တောင်းဆိုချင်ပါတယ်" ဟု ပြောသည်။

$2^{nd}$ Runner Up ဆုကို အလှမယ်ဌားမေရီ၊ $3^{rd}$ Runner Up ဆုကို အလှမယ် ဆဂ္ဂျာဆိုင်းအိန်၊ 4 th Runner Up ဆုကိုအလှမယ် ခင်ခင်ဌေးတို့က ရရှိခဲ့ပြီး Title ဆုများအဖြစ် Miss Popular Award ကို အလှမယ် ဌားမေရီ၊ Best Body Award ကို အလှမယ် နန်းယဉ်မွေ၊ Best Healthy Skin Award ကို အလှမယ် ဟောင်းနန်း၊ Best Speaker Award ကို အလှမယ် နန်းယဉ်မွေ၊ Miss Congeniality Award ကို အလှမယ် သက်မေဦးတို့က ဆွတ်ခူးရရှိခဲ့သည်။

ရင်းအလှမယ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၀ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တူညီဝတ်စုံ၊ ရေကူးဝတ်စုံ၊ ညနေခင်း ဝတ်စုံများဖြင့် ယှဉ်ပြိုင်ခဲ့ကြကာ ဒိုင်များအဖြစ် Zaw Seng (Man Made), Seng Latt (Maka), ဒေါက်တာဒေါ်ခင်မာ၊ အလှမယ် ဂျာဒင်ကိုင်၊ အလှမယ်ရှိစလင်းဆိုင်းနူးနူးပန်၊ အလှမယ် နန်လတ်ဆိုင်းမိုင်နှင့် ၆၃ ကြိမ်မြောက် မနောမယ် ဘတ်တီဆိုင်းဆန့်တို့က ဒိုင်များအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ယခု အနိုင်ရရှိခဲ့သော အလှမယ်လင်းထက်ထက်ကျော်ကိုလည်း Miss Universe Myanmar 2019 ပြိုင်ပွဲကြီးအတွက် လိုအပ်သမျှကို အားတက်သရောပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း City Director မရန်ဆိုင်းနော်က မြစ်ကြီးနားသတင်းဂျာနယ်သို့ပြောသည်။

"အလှမယ်လင်းထက်ထက်ကျော်ကို Miss Universe Myitkyina Organization မှ လိုက်လှဲစွာ ကြိုဆိုပါတယ်။ Miss Universe Myanmar ပြိုင်ပွဲတစ်လျှောက်အတွက် အခုချိန်ကစပြီး သူ့ကိုလေ့ကျင့်သင်ကြားမှုတွေ ပြုလုပ်ပေးသွားတော့မှာပါ။ မြစ်ကြီးနားမြို့ကိုယ်စားပြုသွားမယ့် အလှမယ်ဖြစ်လို့ မြစ်ကြီးနားမြို့ကြီးရဲ့ အားပေးမှုတွေအများကြီးလိုအပ်ပါတယ်။ ဆက်လက်ပြီးအားပေးပါ"ဟု ပြောသည်။

ပထမအကြိမ်မြောက် Miss Universe Myitkyina အဖြစ် အလှမယ် နန်လတ်ဆိုင်းမိုင်၊ ဒုတိယအကြိမ်မြောက် Miss Universe Myitkyina အဖြစ် အလှမယ်ဂျာဒင်ကိုင်၊ တတိယအကြိမ်မြောက် Miss Universe Myitkyina အဖြစ် အလှမယ်ရှိစလင်းဆိုင်းနူးနူးပန်၊ ယခု စတုတ္ထအကြိမ်မြောက် Miss Universe Myitkyina အဖြစ် အလှမယ်လင်းထက်ထက်ကျော်က ရရှိခဲ့သည်။

ဆိုင်းထွယ်ဖင်

မြစ်ကြီးနားသတင်းဂျာနယ်
(မတ် ၂၃ - မတ် ၂၉၊ ၂၀၁၈)




# အောင်လအင်ဆန် ONE CHAMPION ပွဲစဉ် ၆ ပွဲ ဆက်လက်ကစားမည်



မြစ်ကြီးနားလေဆိပ်သို့ ရောက်ရှိလာစဉ် ဓါတ်ပုံ - Salai




ဓါတ်ပုံ - Salai



တပ်ကုန်းနှစ်ခြင်းဘုရားကျောင်းတွင် ပရိသတ်များ ကြိုဆိုနှုတ်ဆက်နေပုံ ဓါတ်ပုံ - Salai

မတ် ၂၀

MMA ONE CHAMPIONSHIP ကစားသမားဘဝမှ အနားယူမည့်နေ့သည် ဘုရားသခင်နှင့်သာဆိုင်ကြောင်း ဇာတိမြေကို ပြန်လည်ရောက်ရှိနေသော အောင်လအင်ဆန်က ပြောကြားခဲ့သည်။

ONE CHAMPIPNSHIP တွင် ရွှေခါးပတ်နှစ်ခုပိုင်ရှင် အောင်လအင်ဆန်သည် မိသားစုနှင့်အတူ မတ်လ ၁၉ ရက်နေ့က မြစ်ကြီးနားသို့ ရောက်ရှိခဲ့ပြီး တပ်ကုန်းနှစ်ခြင်းဘုရားကျောင်းတွင် ၎င်း၏ ပရိတ်သတ်များနှင့် တွေ့ဆုံခဲ့စဉ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်က "ကစားတာက ဘုရားသခင်နဲ့ဆိုင်တယ် ဘုရားသခင်က ကျွန်တော့်ကို ခွန်အားကိုယ်ဆုကျေးဇူး ပေးရင်တော့ နည်းနည်းကြာအောင် ကစားလို့ရမယ်"ဟု ပြောကြားခဲ့သည်။

ONE CHAMPION ကစားရန်အတွက် သဘောတူထားသည့် ပွဲစဉ် ၆ ပွဲရှိနေသေးကြောင်းလည်း ၎င်းကပြောကြားခဲ့သည်။

"ဒီကြားထဲ ကျွန်တော် ပညာရှာမယ် MMA ပညာရှာမယ် နောက်မှာဒီပညာကို သူများတွေကိုပေးဖို့ စဉ်းစားထားတယ်။ အဲဒါက ဘယ်အချိန်ဖြစ်မယ်ဆိုတာ မသိသေးဘူး။ ဘုရားသခင်လက်ထဲမှာရှိတယ်" ဟု ၎င်းကထပ်မံပြောဆိုသည်။

လူငယ်နှင့်ကလေးငယ်များ အနေဖြင့် ပညာကို ကောင်းမွန်စွာ သင်ယူရန် တိုက်တွန်းလိုကြောင်းနှင့် ပညာသည် ရွှေငွေများထက်သာ၍ တန်ဖိုးရှိကြောင်းလည်း တိုက်တွန်းပြောဆိုခဲ့သည်။

"ကလေးတွေလည်း ပညာရှာကြပါ ပညာကအရေးကြီးတယ်။ ရွှေငွေတွေက သူများတွေခိုးလို့ရတယ် အိမ်တွေက မီးလောင်သွားလို့ရတယ် ပညာက ကျွန်တော်တို့နဲ့ အမြဲရှိတယ်။ ပညာကိုရှာပါ"ဟု ပြောဆိုခဲ့သည်။

တပ်ကုန်းနှစ်ခြင်းဘုရားကျောင်းတွင် မြစ်ကြီးနားပရိသတ်များနှင့် တွေ့ဆုံကာ အောင်လအန်ဆန်က အားပေးစကားပြောဆိုခြင်း၊ ပရိသတ်များက သိလိုသည့်မေးခွန်းများ မေးမြန်းခြင်းကို ပြန်လည်ဖြေကြားခြင်းတို့ကို ပြုလုပ်ခဲ့သည်။



ဓါတ်ပုံ - Salai

အောင်လအင်ဆန်သည် မြစ်ကြီးနားတွင် ၅ ရက်ခန့် ကြာ နေထိုင်မည်ဖြစ်ပြီး စစ်ရှောင်ဒုက္ခသည်စခန်းများနှင့် ၃၈ ကြိမ်မြောက် ကေဘီစီသင်း လုံးကျွတ် မွေ့အစည်းအဝေးပွဲတော်သို့ သွားရောက်မည်ဖြစ်သည်။

Salai